# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

## Democratic Party For A New Society (DPNS)

### ပါတီစည်းရုံးရေးစာစဉ်

အတွဲ (၂)၊ အမှတ် (၆)

ဇွန်၊ ၂၀၂၀



Photo: The Global New Light of Myanmar







# စိစဉ်သူ
# ဒေါ်နှင်းနှင်းမွှေး

အမှတ် (၁၂၄)၊ စတုတ္ထထပ်၊
(၅၇)လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊
ပုဇွန်တောင်။

စောင်ရေ – ၁၀၀၀ ရိုက်နှိပ်၍
ပါတီတွင်း ကန့်သတ်အဖြစ်
အခမဲ့ ဖြန့်ဝေသည်။

## မာတိကာ

ကမ္ဘာ့ကပ်ရောဂါနဲ့ ကျွန်တော်တို့နိုင်ငံရဲ့
ရွေးကောက်ပွဲ စာ – ၃
ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်
António Guterres မေတ္တာရပ်ခံ
ပြောကြားချက် စာ – ၅
အထွေထွေရွေးကောက်ပွဲနှင့် ဖြေရှင်းရမယ့်
ပြဿနာ အချို့ စာ – ၆
COVID-19 က ပေးတဲ့ အတွေးတွေ
စာ – ၈
DPNS ရဲဘော်များနှင့် မိတ်ဆွေများ၏ စုပေါင်း
အလှူဒါန လှုပ်ရှားမှုဓါတ်ပုံများ စာ – ၁၀
ဘာလုပ်ကြမလဲ . . ဆိုတဲ့အထိ ဆက်သွားကြရမယ်
စာ – ၁၂
အရင်းအမြစ်အထိ စစ်ဆေးကြပါစို့ စာ – ၁၃
ကိုဗစ်ကာလနဲ့ ကိုဗစ်အလွန် ပညာရေးပုံစံသစ်
စာ – ၁၄
DPNS ရဲဘော်များနှင့် မိတ်ဆွေများ၏
စုပေါင်းအလှူဒါနများ (၁) စာ – ၁၉
DPNS ရဲဘော်များနှင့် မိတ်ဆွေများ၏
စုပေါင်းအလှူဒါနများ (၂) စာ – ၂၀

### ပြောချင်တဲ့အကြောင်း

## အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းသစ် တည်ဆောက်ရေး

အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းသစ်တည်ဆောက်ရေး ဆိုသည်မှာ မိမိတို့ပါတီ၏ နိုင်ငံရေးဦးတည်ချက်များအနက် ပဋ္ဌမမြောက်အချက် ဖြစ်သည်။

မြင်လွယ်ထင်လွယ် အပေါ်ယံသက်သက်မျှဟု ဆိုနိုင်သော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများက လူမှုစီးပွားဘဝကို လည်းကောင်း၊ သဘာဝဝန်းကျင် (ဂေဟစနစ်) ကို လည်းကောင်း ရေရှည်တွင် အကျိုးထက် အပြစ်ကို ဖြစ်လာစေနိုင်သည် ဆိုပါက အစဉ်ဖွံ့ဖြိုးတိုးတက်မှု တနည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမှ လွဲချော် သွေဖည် မည်ဖြစ်သည်။

၂၀၀၅ ခုနှစ်ခန့်က စတင်ကာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ အကြား ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (MDGs) ကို အစားထိုးမည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စဉ်းစားချက်များ စတင် ဖြစ်ပေါ်လာခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင်မှ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ညီလာခံတစ်ရပ် ကျင်းပနိုင်ခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals – SDGs) ကို MDGs များနေရာတွင် အစားထိုးခဲ့သည်။

ယခုကဲ့သို့ COVID-19 ကမ္ဘာ့ကပ်ရောဂါ ကူးစက်သည့်ကာလတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုသော ဝေါဟာရ တနည်း မိမိတို့ပါတီ၏ အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်း တည်ဆောက်ရေးဆိုသော ရည်မှန်းချက်၏ တန်ဖိုးမှာ ပို၍ ပေါ်လွင်လာခဲ့ပြီဖြစ်သည်။ ပညာရှင်အများက အမြတ်အစွန်းဦးစားပေးထုတ်လုပ်မှု၊ မြင်သာ သိလွယ် တံလျှပ်သဖွယ် ယာယီဖွံ့ဖြိုးရေးတို့၏ ဘေးထွက်ဆိုးကျိုးအဖြစ် ဤကပ်ရောဂါကို သုံးသပ်ညွှန်းဆိုနေကြသည်။ သစ်တောကြီးများနေရာတွင် ခြံကွက်ငယ်အိမ်ကလေးများ၊ ပရိဘောဂအသုံးအဆောင်များ အလုပ်အခွင့်အလမ်းများ နေရာယူလိုက်သဖြင့် ဗိုင်းရပ်စ် ကပ်ငြိနေသည့် တောတိရစ္ဆာန်များ လူ့ဝန်းကျင်သို့ ပို့လိုက်သလို ဖြစ်ခဲ့သည်။ အမြောက်အမြား ဖမ်းဆီး၊ ရောင်းဝယ်နေကြသည့် တောတိရစ္ဆာန်ဈေးကွက်ကလည်း လူတို့ဌာနီသို့ ဗိုင်းရပ်စ်များကို လမ်းဖေါက်ပေးသလို ဖြစ်ခဲ့သည်။ အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်း၏ လုံခြုံစိတ်ချရသည့် အခြေအနေကို ကမ္ဘာ့လူသားများ ပို၍ ပို၍ အာရုံစိုက်လာကြပြီ ဖြစ်သည်။

မိမိတို့တိုင်းပြည်တွင်လည်း လက်ပံတောင်းဒေသစီမံကိန်းများက တောင်တစ်လုံးကို အပြီးတိုင် ဖျောက်ဖျက်လိုက်သည်။ ဒေါ်ခင်ဝင်း၏ ဦးခေါင်းခွံကို ဖွင့်ထုတ်ခဲ့သည်။ သံဃာတော်များ၏ အရေခွံများကို လောင်မြိုက်ပစ်ခဲ့သည်။ ရွာများစွာ၊ စိုက်ခင်းများစွာကို ဖုန်းဆိုးဖြစ်စေခဲ့သည်။ ချင်းတွင်းမြစ်ကို ညစ်ညမ်းစေခဲ့သည်။ မျက်ရည်ပေါက်များစွာကို မိုးကဲ့သို့ ရွာကျစေခဲ့သည်။

အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းသစ်တစ်ရပ် တည်ဆောက်ရန် ဆိုပါလျှင် လက်ပံတောင်းဒေသစီမံကိန်းများအကြောင်း ပြန်လည် ငြင်းခုန်ကြရပေလိမ့်မည်။ ဝါးစိမ်းတောင်စီမံကိန်းဆိုသည်ကို ပြန်၍ သုံးသပ်ကြရပေမည်။ မြစ်ဆုံရေကာတာအကြောင်း အသေအချာ ဆွေးနွေးကြရပေလိမ့်မည်။ ဝန်းသို (၁) (၂) (၃) စီမံကိန်းများနှင့် ပတ်သက်လျှင် ပြန်လည် မေးခွန်းထုတ်ကြရပေမည်။

လက်တစ်ကမ်း၌ မှတ်စမ်းမိသမျှ ဥပမာများကို တင်ပြခြင်းဖြစ်သည်။ မြင်လွယ်ထင်လွယ် အပေါ်ယံကောင်း၊ ယာယီခံ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်များအား လူမှုစီးပွားဘဝအတွက်၊ သဘာဝဝန်းကျင် (ဂေဟစနစ်) ထိန်းသိမ်းရေးအတွက် ရေရှည်အကျိုးဆက် မည်သို့ဖြစ်နိုင်သည်ကို စူးစူးစမ်းစမ်း၊ စိစိစစ်စစ် ဘက်စုံထောင့်စုံ သုံးသပ်လျက် အစဉ်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းသစ်တစ်ရပ်ဆီ ဦးတည်ချီတက်ကြပါစို့ဟု တိုက်တွန်းဆော်အပ်ပါသည်။ ။

# ကမ္ဘာ့ကပ်ရောဂါနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲ

**အောင်မိုးဇော်**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းရဲ့ သတင်းထုတ်ပြန်ချက်တွေအရ (၉၊ ၆၊ ၂၀၂၀)နေ့ထိဆိုရင် ကမ္ဘာနဲ့တဝှမ်း COVID –19 ရောဂါပိုးတွေ့ရှိသူ ၇ သန်းကျော်သွားပြီး ရောဂါကြောင့် သေဆုံးသူ ၄ သိန်း ကျော်ခဲ့ပါပြီ။ ဥရောပတိုက်ရဲ့ ရောဂါ အခြေအနေဟာ တိုးတက်ကောင်းမွန်လာတယ်လို့ ပြောလို့ရပေမယ့် တကမ္ဘာလုံး အခြေအနေက ဆိုးဝါးနေဆဲဖြစ်တယ်။ ကျနော်တို့ အရှေ့တောင်အာရှက အခြားဒေသတွေထက် လအနည်းငယ်နောက်ကျတယ်လို့ ဆိုရမယ်။ ကျနော်တို့ ဒေသမှာ ရောဂါတွေ့ရှိမှုက တနေ့တခြား မြင့်တက်နေတယ်။ ဒီနေ့အထိ ရောဂါတွေ့ရှိမှုပေါင်း ၃၇၈၁၁၈ ယောက်ရှိပြီး သေဆုံးသူ ၁၀၃၇၆ ယောက်ရှိတယ်။ ရောဂါတွေ့ရှိမှုနှုန်းက ကျနော်တို့ဒေသမှာ နှိုင်းယှဉ်မှုအရ တနေ့တခြား မြင့်တက်နေတယ်။ အခြားဒေသတွေနဲ့ နှိုင်းယှဉ်ရင် ရောဂါပိုးတွေ့ရှိမှု သေဆုံးမှုနည်းတယ်လို့ ဆိုပေမယ့် ကျနော်တို့ ဒေသမှာ ဒီနေ့အထိ ကျဆင်းသွားတယ်ဆိုတာ မရှိသေးဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ရဲ့ အစီရင်ခံစာတွေကို လေ့လာပြီး ပြောဆိုရခြင်းဖြစ်တယ်။

ဒီလိုအခြေအနေအောက်မှာ ကျနော်တို့နိုင်ငံက ရွေးကောက်ပွဲ လုပ်ရမယ့် အခြေအနေဖြစ်နေတယ်။ ပြည်သူ့ကျန်းမာရေးကို အလေးအနက်စဉ်းစားပြီး ကျနော်တို့ ရွေးကောက်ပွဲကို ဖြတ်ကြရလိမ့်မယ်။ အထွေထွေရွေးကောက်ပွဲတွေနဲ့ ပတ်သက်လို့ လေ့လာတဲ့ အဖွဲ့အစည်းတွေရဲ့ ပြောဆိုမှုတွေအရ၊ အစီရင်ခံစာတွေအရ ကပ်ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်း နိုင်ငံပေါင်း (၆၀) က ရွေးကောက်ပွဲတွေကို ရွှေ့ဆိုင်းထားရတယ်လို့ ဆိုတယ်။ ကျနော်တို့နိုင်ငံမှာရော ရွေးကောက်ပွဲတွေကို ရွှေ့ဆိုင်းနိုင်တဲ့အခြေအနေ ရှိပါသလား။ ကျနော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာရော ဒီလိုရောဂါအခြေ အနေမျိုးကို တိတိကျကျ အဓိပ္ပါယ်ဖွင့်ဆိုထားတာ မတွေ့မိဘူး။ အငြင်းပွားစရာတွေရှိတယ်။ ဒါကြောင့်မို့ သက်ဆိုင်သူတွေ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ တာဝန်ရှိသူတွေက ရွေးကောက်ပွဲကို ပုံမှန်အတိုင်း လာမယ့် နို ဝင်ဘာမှာ ကျင်းပပြုလုပ်သွားမယ်လို့ ထုတ်ပြန်ကြေငြာလိုက်တာ ဖြစ်နိုင်တယ်။

ရွေးကောက်ပွဲကော်မရှင်က ဒီလိုကြေငြာတာနဲ့ တပြိုင်နက်တည်း အာဏာရပါတီရဲ့ပြင်ဆင်မှုကလည်း ချက်ချင်းဆိုသလို ဖြစ်လာတယ်။ ကပ်ရောဂါဆိုးကို အကြောင်းပြုလို့ အာဏာရပါတီရဲ့ခေါင်းဆောင်က လူမှုစာမျက်နှာတွေက တဆင့် ပြည်သူလူထုနဲ့ ပုံမှန်ဆက်ဆံရေးတွေ ထူထောင်လျှက်ရှိတယ်။ ဒီလိုဆောင်ရွက်ချက်တွေနဲ့ ပတ်သက်လို့ အာဏာရပါတီရဲ့ နာယကကြီးတစ်ဦးက ရွေးကောက်ပွဲမဲဆွယ်စရာတောင် မလိုတော့ဘူးလို့ သတင်းထောက်တဦးကို ပြောတယ်။ အဲဒီပါတီက ဒုဥက္ကဋ္ဌတဦးဖြစ်တဲ့ မန္တလေးတိုင်းဝန်ကြီးချုပ်က ရွေးကောက်ပွဲကိစ္စတွေပြောရင်းဆိုရင်း ပါတီငယ်တွေကို မဲမထည့်ဖို့ မဲဆွယ် စည်းရုံးရေးစကား ပြောပြန်တယ်။ ဥပဒေကြောင်းအရ ဒီလိုကိစ္စမျိုးတွေဟာ လုပ်သင့် မလုပ်သင့်၊ ကျင့်ဝတ်အရ ပြောသင့် မပြောသင့် နည်းနည်းလေးတောင် စဉ်းစားဟန် မရှိကြတော့ဘူး။

**ဒီပုဂ္ဂိုလ်တွေ တိုင်းပြည်မှာ ဒီမိုကရေစီကို အမှန်တကယ် ဖော်ဆောင်နေတာလားဆိုတာ ဒီပြောဟန်ဆိုဟန်လုပ်ဟန်တွေက မေးခွန်းထုတ်ဖွယ်ဖြစ်လာတယ်။**

ကပ်ရောဂါဆိုးကြောင့် ( ၅ ) ယောက်ထက် ပိုမစုရ အမိန့်ဒီဂရီတွေ၊ နယ်အသီးသီးမယ် Lock Down တွေအောက် နိုင်ငံရေးပါတီတွေ သွားဖို့လာဖို့ ပြင်ဆင်ဖို့ ခက်ခဲနေတဲ့အချိန် အာဏာရပါတီက အာဏာယန္တယားကို အသုံးပြုပြီး အလုပ်လုပ်နေပုံရတယ်။

ဒီပုဂ္ဂိုလ်တွေ တိုင်းပြည်မှာ ဒီမိုကရေစီကိုအမှန်တကယ် ဖော်ဆောင်နေတာလားဆိုတာ ဒီပြောဟန်ဆိုဟန်လုပ်ဟန်တွေက မေးခွန်းထုတ်ဖွယ်ဖြစ်လာတယ်။ ဒါမှမဟုတ် လူတွေကတော့ ဒီလူတွေပဲ၊ အာဏာယန္တယားကို ကိုင်တွယ်နိုင်မှ စိတ်တွေ တမျိုးတမည်ဖြစ်ကုန်တာလား သံသယဝင်ချင်စဖွယ်ဖြစ်လာတယ်။

ဒါတွေကြောင့်လည်း နိုင်ငံတကာသုသေတနအဖွဲ့အစည်းတွေက ကျနော်တို့ ဒီမိုကရေစီကို ရွေးကောက်ပွဲတွေရှိတဲ့ အာဏာရှင်စနစ်လို့ ဝေဖန်တာ၊ သုံးသပ်တာ ဖြစ်နိုင်ခြေရှိတယ်။ ကိုယ့်အခြေအနေကို အသေအချာဂရုမပြုဘဲ ရွေးကောက်ပွဲအနိုင်ရ ရေးကိစ္စကိုပဲ ဇောင်းပေးတော့ သူများပြောစရာ ဆိုစရာ ဝေဖန်စရာ ထောက်ပြစရာတွေ ဖြစ်လာတာပေါ့။ ကျနော်တို့ နိုင်ငံကို ရွေးကောက်ပွဲတွေရှိတဲ့ အာဏာရှင်စနစ်ကျင့်သုံးတဲ့ နိုင်ငံလို့ ပြောကြတော့ ကာယကံရှင်ကျနော်တို့က မှားတယ်လို့ ငြင်းဖို့ခက်နေပြန်တယ်။ ကျနော်တို့ ရွေးကောက်ပွဲတွေကိုယ်၌က လွှတ်တော်ထဲမှာရှိတဲ့ ထိုင်ခုံအားလုံးအတွက် ယှဉ်ပြိုင်ကြရတာမှမဟုတ်တာ။ ကျနော်အနေနဲ့တော့ ဒီကိစ္စကို ဆုပ်ကိုင်ပြီး ရွေးကောက်ပွဲတွေက တဆင့် ကျနော်တို့ရဲ့ ဒီမိုကရေစီ အဝန်းအဝိုင်းကို ချဲ့ထွင်သွားစေချင်တယ်။

---

**COVID-19 ကာလမှာ**
**ဆင်းရဲသူဆင်းရဲသားတွေကို ကျနော်တို့ စွမ်းသလောက် ဆန်၊ ရိက္ခာ ကူညီဖို့ ကြိုးစားကြည့်တဲ့ ကိစ္စတောင်မှ ၅ ယောက် ထက် ပိုမစုရဆိုတဲ့ အမိန့်ဒီဂရီက ကျနော်တို့ လှုချင် တန်းချင်စိတ်ကို လာပြီး ကန့်သတ်တယ်။**

---

တပြိုင်နက်တည်း ကျနော်တို့တတွေ ရာစုနှစ်တခုမှာ တခါလောက်သာကြုံရတဲ့ ကပ်ရောဂါဆိုးကို ဖြတ်နေရတယ် ဆိုတာလည်း သတိချပ်ကြစေချင်တယ်။ ကပ်ရောဂါဆိုလို့ ဒီရောဂါပိုးက ရွေးကောက်ပွဲတွေ၊ နိုင်ငံရေးပါတီတွေ၊ အယူအဆ မတူသူတွေအားလုံးကို နောက်မှာထားခဲ့တဲ့ လူသားတရပ်လုံးကို ခြိမ်းခြောက်တဲ့ ရောဂါပိုးဖြစ်တယ်။ ဒီနေ့ ကမ္ဘာ့စီးပွားရေး လမ်းကြောင်းနဲ့ လူနေမှုစနစ်တွေကို ပြောင်းသွားစေနိုင်တယ်။ အခုလည်း ကမောက်ကမဖြစ်နေတာ လက်တွေ့ပဲ မဟုတ်ပါလား။ ဒါကြောင့်ရွေးကောက်ပွဲကိစ္စ စဉ်းစားမယ်ဆိုရင် ဒီကပ်ရောဂါကို အရေးတကြီး ထည့်သွင်းစဉ်းစားရမှာဖြစ်တယ်။ ဇွန်လလယ်မှာတင်းကြပ်မှုတွေကို ဖြေလျှော့မယ်ဆိုပေမယ့် ဇွန်လကုန်မှာဒီရောဂါပိုး ထ သောင်းကျန်းရင် ကျနော်တို့ ဘာလုပ်ကြမလဲ။

ကျနော်တို့မှာ အရန်စဉ်းစားထားမှု ရှိရပါလိမ့်မယ်။ ပြောခဲ့ပြီးသလိုပဲ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ မန္တလေးတိုင်း ဝန်ကြီးချုပ်တို့က ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ တရားဝင်မဲဆွယ်သလိုမျိုး လုပ်နေပြောနေနိုင်ပေမယ့် ကျနော်တို့လိုပါတီတွေ အတွက် အတော်ပင်ခက်ခဲတယ်။ COVID-19 ကာလမှာ ဆင်းရဲသူ ဆင်းရဲသားတွေကို ကျနော်တို့စွမ်းသလောက် ဆန်၊ ရိက္ခာ ကူညီဖို့ ကြိုးစားကြည့်တဲ့ ကိစ္စတောင်မှ ၅ ယောက်ထက် ပိုမစုရဆိုတဲ့ အမိန့်ဒီဂရီက ကျနော်တို့ လှုချင်တန်းချင်စိတ်ကို လာပြီး ကန့်သတ်တယ်။ အစိုးရက ဆင်းရဲ နွမ်းပါးသူတွေကို ဆန်ရိက္ခာ၊ ဆီရိက္ခာတွေကူတယ်။ နေရာအနှံ့မယ် ပြဿနာတွေက ဒုနဲ့ဒေးရှိပေမယ့် နှိုင်းယှဉ်မှုအရတော့ မဆုတ်သာ မတက်သာ အထိတော့ မဆိုသာပါဘူး။ အခုလည်း ဆင်းရဲနွမ်းပါသူတွေကို ငွေရေးကြေးရေး အကူအညီတွေ ထပ်ပြီး ထောက်ပံ့ဦးမယ် ကြားတယ်။ အစိုးရနဲ့ အာဏာရပါတီ ခွဲခြားဖို့ခက်တော့ ရွေးကောက်ပွဲနီးမှ အခုလို ကူညီကြတာမျိုး ကျတော့ မသင့်တော်လှဘူးပေါ့။ အဲ့ဒီတော့ အထွေထွေရွေးကောက်ပွဲကို မှန်းဆကြည့်တယ် Level Playing Field ဘယ်မလဲပေါ့။ တာဝန်ရှိသူတွေ အစိုးရမင်းတွေ သေသေချာချာ လေးလေးနက်နက် စဉ်းစားကြပြီး အလုပ်လုပ် စေချင်တယ်။

အခုလို ကပ်ရောဂါကဖြစ် ပြည်သူတွေ အလုပ်အကိုင်၊ ဝင်ငွေတွေ နိမ့်ပါးနေတဲ့အချိန် အထွေထွေရွေးကောက်ပွဲ ကျင်းပရမယ်ဆိုတော့ ပြည်သူတွေရွေးကောက်ပွဲကို စိတ်ဝင်စားဖို့ လိုတယ်။ ဒီထက်ပို အရေးကြီးတာက ရွေးကောက်ပွဲက ဒီရောဂါပိုးတွေ ပြည်သူတွေကို ဖြန့်သလိုမဖြစ်အောင် သေသေချာချာ စီမံကြရလိမ့်မယ် ထင်တယ်။ ဒါ့အပြင် နိုင်ငံရေးပါတီတွေလည်း မဲဆွယ်စည်းရုံးရေးကိစ္စတွေ လုပ်ကိုင်ရတဲ့အခါ ဒီရောဂါပိုးအတွက်ပါ ထည့်သွင်း စဉ်းစားရမှာ ဖြစ်လို့ ရွေးကောက်ပွဲရက်ကို တတ်နိုင်သမျှ စောစော ကြေငြာပေးဖို့လိုတယ်။ အခုက ၆ လတောင်မကျွာတော့ဘူး ဖြစ်တယ်။ ဒါကြောင့်မို့ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်တဲ့နေရာမယ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ –

(က) ကျွမ်းကျင်တဲ့ ပြည်သူ့ကျန်းမာရေး ပညာရှင်တွေ၊ အာဏာပိုင်တွေ ၊ တာဝန်ရှိသူတွေနဲ့ ပူးပေါင်းဆောင်ရွက် စေချင်တယ်။
( ခ ) ကျန်းမာရေးဆိုင်ရာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုကို ဖိတ်ခေါ်စေချင်တယ်။
( ဂ) ဖြစ်လာနိုင်ခြေတွေကိုလည်း အသေအချာ ဝိုင်းဝန်းစဉ်းစားကြပြီး ဖြစ်လာနိုင်ခြေတွေအလိုက် အရန်လုပ်ငန်းစဉ်တွေကိုလည်း အဆင်သင့်ရှိအောင် လုပ်ထားသင့်တယ်။
( ဃ ) မဲရုံဝန်ထမ်းတွေ၊ လုပ်အားပေးမယ့်သူတွေကိုလည်း စနစ်တကျ ပညာပေးထားသင့်တယ်။
( င ) မဲဆွယ်စည်းရုံးရေးဆိုင်ရာ ကိစ္စရပ်တွေနဲ့ ပတ်သက်လို့ ကာယကံရှင်နိုင်ငံရေးပါတီတွေနဲ့ အသေအချာ ညှိနှိုင်းဆောင်ရွက်သင့်တယ်လို့ အကြံပြုချင်တယ်။

ချုပ်ပြီးပြောရရင်တော့ ကျနော်တို့ တိုင်းပြည် ရာစုနှစ်တခုမှာ တခါလောက်ပဲ ကြုံရတဲ့ ကပ်ရောဂါဆိုးနဲ့ ကြုံနေရတယ်။ အချိန်အတိုင်းအတာတခုအထိ ရွှေ့သင့်ပေမယ့် ကျနော်တို့ တိုင်းပြည်ရဲ့ ထူးခြားတဲ့အခြေအနေကြောင့် ရွှေ့မယ်ဆိုရင် အခြားမလိုလားအပ်တဲ့ ပြဿနာတွေ ဝင်နှောက်နိုင်တယ်။ ဒါကြောင့်မို့ အခုလုပ်ကြမယ်ဆိုရင် ဒီရောဂါဆိုးရဲ့ အန္တရာယ်ကို တတ်နိုင်သ၍ ကာကွယ်ပြီး လုပ်ကြရမှာပဲဖြစ်တယ်။ လုပ်တဲ့နေရာမယ် အာဏာပိုင်တွေ အနေနဲ့ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်စေချင်လှပါတယ်။ ။

**အောင်မိုးဇော်**
**(၁၀၊၆၊၂၀၂၀)**

# ၂၀၂၀ ခုနှစ် မတ်လ ၂၃ ရက်နေ့ တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် António Guterres ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ကိုဗစ်–၁၉ ကပ်ရောဂါတိုက်ဖျက်ရေး၊ ကမ္ဘာ့အရပ်ရပ်မှ စစ်ပွဲများရပ်ဆိုင်းရေးနှင့် ပတ်သက်၍ မေတ္တာရပ်ခံ ပြောကြားချက်။

(Unofficial Translation)

ကျွန်ုပ်တို့ကမ္ဘာကြီးသည် ဘုံရန်သူ ကိုဗစ်–၁၉ ကို ရင်ဆိုင်နေကြရပါသည်။

ထိုဗိုင်းရပ်စ်ပိုးသည် နိုင်ငံ၊ လူမျိုး၊ လူအုပ်စု၊ ယုံကြည်မှု မခွဲခြားဘဲ အားလုံးကို တရစပ် အပြင်းအထန် တိုက်ခိုက်နေပါသည်။ ယခုအချိန်တွင် လက်နက်ကိုင်ပဋိပက္ခများသည်လည်း ကမ္ဘာတဝှမ်း ပြင်းထန်နေပါသည်။ စစ်ပွဲ၏ဒဏ်ကို အများဆုံး ခံစားနေကြရသော အမျိုးသမီးများနှင့် ကလေးများ၊ မသန်စွမ်းသူများ၊ ခွဲခြားဆက်ဆံခံရသူများနှင့် အိုးအိမ်မဲ့များသည် အဆိုးဆုံး ပေးဆပ်နေကြရပါသည်။ သူတို့သည် ကိုဗစ်–၁၉ ဗိုင်းရပ်စ်ကြောင့် ပြိုကွဲ ပျက်စီး ဆုံးရှုံးမှုများကို အဆိုးရွားဆုံး ခံစားကြရမည့် အခြေအနေကိုလည်း ရောက်နေကြပါပြီ။

စစ်ဒေါသ သင့်နေသောနိုင်ငံများတွင် ကျန်းမာရေးစနစ်များ ပြိုကွဲပျက်စီးသွားခဲ့ပြီဆိုသည်ကို မမေ့ကြပါနှင့်။ အရေအတွက် အနည်းအပါးသာရှိသော ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများသည်လည်း မကြာခဏ ပစ်မှတ်ထား ခံရတတ်ပါသည်။

ဒုက္ခသည်များနှင့် ကြမ်းတမ်းသည့် ပဋိပက္ခများကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်နေရသူများ အဆတိုးလာဖွယ် အလားအလာ ရှိနေပါသည်။ ဗိုင်းရပ်စ်ပိုး၏ ရောဂါ ဒေါသအရှိန်အဟုန်သည် စစ်ပွဲ၏ ရူးသွပ်မှုကို သရုပ်ဖော်ပေးပါတော့မည်။

ကမ္ဘာကြီး၏ လှည်းနေလှေအောင်းမြင်းဇောင်းမကျန်၊ နိုင်ငံအနှံ့၊ ဒေသအနှံ့တွင် အပစ်အခတ်များ ချက်ချင်း ရပ်ရန် ယနေ့ ကျွန်ုပ် မေတ္တာရပ်ခံနေရခြင်းမှာ ထိုအကြောင်းများကြောင့်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘဝများ၊ အသက်များအတွက် အမှန်တကယ် တိုက်ခိုက်ရမည့် ရန်သူအပေါ်တွင် အတူတကွ တိုက်ခိုက်နိုင်ကြရန် လက်နက်ကိုင်ပဋိပက္ခများကို ချက်ချင်း ရပ်ဆိုင်းပစ်လိုက်ကြဖို့ အချိန်ကျရောက်ပါပြီ။

စစ်ပွဲဆင်နွှဲနေကြသည့် အဖွဲ့များသို့ ကျွန်ုပ် ပြောပါရစေ –

အမျက်ဒေါသများဆီကနေ ဆုတ်ခွာခဲ့ကြပါ။

မယုံကြည်မှုနှင့် အမုန်းတရားများကို ဘေးဖယ်ထားကြပါ။

သေနတ်သံတွေ တိတ်ထားကြပါ။

လက်နက်ကြီး ပစ်တာတွေ ရပ်ထားကြပါ။

လေကြောင်းတိုက်ခိုက်မှုတွေ အဆုံးသတ်ထားကြပါ။

ဒါတွေဟာ အလွန် အရေးကြီးပါတယ်။

အသက်ကယ်ဆယ်ရေး အကူအညီတွေအတွက် စင်္ကြန်တွေ ကူညီဖောက်ကြဖို့၊ သံတမန်ဆက်ဆံရေးတွေအတွက် အဖိုးတန်လှတဲ့ တံခါးတွေ ဖွင့်ကြဖို့၊ ကိုဗစ်–၁၉ အန္တရာယ် အကျရောက်နိုင်ဆုံး နေရာတွေဆီကို မျှော်လင့်ချက်တွေ သယ်ဆောင်သွားကြဖို့၊ ကိုဗစ်–၁၉ ကို အတူတကွ ပူးပေါင်းဖြေရှင်းနိုင်စွမ်းရှိကြတဲ့ အပြိုင်အဖွဲ့တွေကြားမှာ ဆွေးနွေးဖြေရှင်းကြရေးကို တဖြည်းဖြည်း ပုံဖော်ကြပါစို့။

ကျွန်ုပ်တို့ ပူးပေါင်းဆောင်ရွက်ကြဖို့ စိတ်ဝင်စားကြပါစို့။

ဒီထက်မက အများကြီး ပို ပို လိုအပ်ပါတယ်။

စစ်ပွဲရဲ့ နာမကျန်းမှုကို အဆုံးသတ်ကြ၊ ကျွန်ုပ်တို့ ကမ္ဘာကြီးကို ရန်မူနေတဲ့ ရောဂါကို တိုက်ခိုက်ကြ။

နေရာတိုင်းမှာ စစ်ပွဲတွေ စရပ်ပါ၊ အခု ရပ်ပါ။

ကျွန်ုပ်တို့ လူသားမိသားစုကြီး လိုအပ်နေတာ ဒါပါပဲ။ မတုံ့မဆိုင်း အခုကို လိုအပ်ပါတယ်။

**António Guterres**
(Unofficial translation)

**ကောဘီအေ**

## COVID-19 ကာကွယ်ရေး လှုပ်ရှားမှုများတွင် ပါတီဝင်ရဲဘော်များ၏ ပူးပေါင်းပါဝင်မှုများ

၂၀၂၀၊ မေ၊ ၄ ရက်နေ့နှင့် ၆ ရက်နေ့များတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မြင်းခြံမြို့နယ် ရဲဘော်များသည် အစ်ဆာရာ(မြန်မာ)၊ အနာဂတ်အလင်းတန်းဆုံမှတ်တို့နှင့် ပူးပေါင်းလျက် COVID-19 ကျန်းမာရေးအသိပညာပေးဗီနိုင်းနှင့် လက်ကမ်းစာစောင်များ ပေးဝေခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ အလားတူပင် ပွင့်ဖြူမြို့နယ်၊ တံတားဦးမြို့နယ်များမှ မြို့နယ်ပါတီကော်မတီဝင်များ၊ ပါတီဝင်များ၊ လူ့ဘောင်သစ်လူငယ်များသည် ဧပြီလဆန်းမှစတင်၍ ယခုချိန်အထိ စေတနာ့ဝန်ထမ်းအဖွဲ့ဝင်များအဖြစ် ပါဝင်လုပ်အားပေးခြင်း၊ ကပ်ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် အသိပညာပေးဆိုင်းဘုတ်များ၊ လက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဝေငှခြင်း၊ ပိုးသတ်ဆေးဖြန်းခြင်း၊ လက်သန့်ဆေးနှင့် အစားအသောက်လှူဒါန်းခြင်း၊ အပူချိန်တိုင်းခြင်း စသည့်လုပ်ငန်းများကို ဒေသဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

# အထွေထွေရွေးကောက်ပွဲနှင့် ဖြေရှင်းရမယ့် ပြဿနာအချို့

**ဇွန်မိုး**

ပုံမှန်အတိုင်းဆိုရင် ၂၀၂၀ ခုနှစ်က အထွေထွေ ရွေးကောက်ပွဲကျင်းပရမယ့်နှစ်၊ နိုဝင်ဘာလက ပုံမှန်အားဖြင့် ရွေးကောက်ပွဲ ကျင်းပဖြစ်တဲ့လ ဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲ ကို လွှတ်တော်သက်တမ်းနဲ့အညီ ၅ နှစ်တစ် ကြိမ်ကျင်းပတာ ဖြစ်ပြီး ရာသီဥတုအရလည်း ကြည်လင်အေးချမ်းတဲ့ နိုဝင်ဘာလကို ရွေးချယ်ခဲ့ကြတဲ့သဘော ဖြစ်မယ် ထင်ပါတယ်။

ဒီနှစ်ရဲ့ အထူးအခြားက COVID-19 တကမ္ဘာလုံးမှာ ကပ်ဘေး ကျရောက်နေပြီး ကျနော်တို့နိုင်ငံမှာလည်း ဇွန်လ ၁ ရက်နေ့အထိ ပိုးတွေ့လူနာ ၂၂၈ ဦးနဲ့ ပိုးကြောင့် အသက်ဆုံးရှုံးရသူ ၆ ဦး ရှိနေတဲ့ကိစ္စ ဖြစ်ပါတယ်။ အလွန်ဆိုးတဲ့ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ စပိန် စတဲ့နိုင်ငံတွေနဲ့စာရင် တော်သေးရဲ့လို့ ယူဆရပေမဲ့ သတိနည်းရင်၊ ပေါ့ဆရင်၊ ဆောင်ရန်ရှောင်ရန်တွေအတိုင်း လိုက်နာနေထိုင်တာမလုပ်ရင် ကျနော်တို့နိုင်ငံလည်း အချိန်မရွေး ဆိုးသွားနိုင်တာ ဖြစ်ပါတယ်။

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက မေလ ၂၈ ရက်နေ့နေ့စွဲနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအားလုံး၊ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံးထံ ရုံး/ ဌာနဝန်ထမ်းများ အင်အားအပြည့်အဝနဲ့ ရုံးလုပ်ငန်းတာဝန်များကို ဇွန်လ ၁ ရက်နေ့မှစပြီး မူလအတိုင်း ပြန်လည်ဆောင်ရွက်ကြပါရန် ညွှန်ကြားစာထုတ်ပြန်လိုက်တာတွေ့ရပါတယ်။ ညွှန်ကြားစာမှာ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေး လုပ်ငန်းများအား အတိုင်းအတာ တစ်ရပ်အထိ ဆောင်ရွက်နိုင်ပြီ ဖြစ်ခြင်းကြောင့် လို့ လက်ရှိ ရောက်ရှိနေတဲ့ ကျနော်တို့နိုင်ငံရဲ့ အခြေအနေကို ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒီအခြေအနေတွေကြောင့်ပဲ ဖြစ်မယ် ယူဆရပါတယ်။ အခြေခံပညာအထက်တန်းကျောင်းတွေကို ဇူလိုင် ၂၁၊ ဩဂုတ် ၄ နဲ့ ဩဂုတ် ၁၁ ရက်တွေမှာ ပြန်လည်ဖွင့်လှစ်တော့မယ်လို့ သက်ဆိုင်ရာက ကြေညာလိုက်တာ တွေ့ကြရပါတယ်။

ရုံးဖွင့်တာပဲဖြစ်ဖြစ်၊ ကျောင်းဖွင့်တာပဲဖြစ်ဖြစ်၊ အလုပ်ရုံစက်ရုံတွေ ပြန်ဖွင့်တာပဲဖြစ်ဖြစ် ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရန်ရှောင်ရန် ညွှန်ကြားချက်များကိုတော့ အပြည့် ဆက်ပြီး သတိရှိစွာ၊ အသိရှိစွာ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ညွှန်ကြားစာရဲ့အဓိပ္ပါယ်က COVID-19 ရောဂါကို ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေး လုပ်ငန်းတွေ အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်နိုင်ပြီ၊ သတိကြီးကြီးနဲ့ သွားရင် ပုံမှန်နီးပါး သွားလို့ရပြီ ဆိုတဲ့သဘော ဖြစ်ပါတယ်။ တာဝန်ရှိသူတို့ အကဲဖြတ်မမှားဘူး ဆိုရင်တော့ မြန်မာပြည်သူများ ဝမ်းသာဖွယ် သတင်းစကားပါပဲ။ မြန်မာပြည်သူတွေရဲ့ ပကတိလက်တွေ့ဘဝက အတိအကျလိုက်နာနိုင်ဖို့ ဘယ်လောက်အဆင်သင့် ဖြစ်သလဲ မဖြစ်ဘူးလဲဆိုတာက မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။ တာဝန်ရှိသူတွေ၊ တာဝန်ကြီးသူတွေ အချက်အလက်ရရှိမှုနည်းပြီး တလွဲညွှန်ကြားမိတာမျိုး မဖြစ်ဖို့၊ လူထုရဲ့ ပကတိလိုက်ပါနိုင်မှုကို ပြည့်ပြည့်စုံစုံလေ့လာဖို့၊ ထောင့်စုံ၊ နယ်ပယ်စုံက လေ့လာတွေ့ရှိချက်တွေအပေါ် မှန်မှန်ကန်ကန် အကဲဖြတ်ကြဖို့တော့ အလွန်ကို အရေးကြီးပါတယ်။ မပေါ့ဆမိဖို့၊ ရှီးဖြောင့်ကြဖို့၊ အလွယ်မလိုက်မိဖို့ တာဝန်ရှိသူများကို အလေးအနက် အကြံပြုပါတယ်။

ကျနော်အကြံပြုသလို ပြည့်ပြည့်စုံစုံလေ့လာပြီးမှ တိကျမှန်ကန်စွာ အကဲဖြတ်လိုက်တာလို့ပဲ ယူဆလိုက်ကြပြီး ရှေ့ဆက် စဉ်းစားကြည့်ကြရအောင်ပါ။

ဒီအခြေအနေအတိုင်းဆို အထွေထွေရွေးကောက်ပွဲကို ကပ်ဘေးကြောင့် ရွှေ့တာ၊ ပြောင်းတာ လုပ်ဖို့ မလိုတော့ဘဲ သတိဖြင့် နည်းနာကြွယ်ကြွယ် ဆောင်ရွက်ကြဖို့သာ လိုအပ်တော့မှာ ဖြစ်တယ်လို့ ကောက်ချက်ချလို့ရပြီ ယူဆပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း နိုင်ငံရေးပါတီများထံကို မေလ ၂၅ ရက်နေ့နေ့စွဲနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပုံနှိပ်လျက်ရှိသော ဥပဒေ၊ နည်းဥပဒေ စာအုပ်များ ဖြန့်ဝေပေးမည့်ကိစ္စ ဆိုတဲ့ စာကိုပေးပို့လာပါတယ်။

(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေ
(၂) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေ
(၃) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေ
(၄) တိုင်းဒေသကြီးလွှတ်တော်/ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေ
(၅) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေ

ဆိုတဲ့ စာအုပ် ၅ မျိုးကို တစ်ပါတီလျှင် နှစ်စုံနှုန်း အခမဲ့ ဖြန့်ဝေပေးသွားမှာ ဖြစ်ပြီး ပါတီများမှ ဝယ်ယူလိုတဲ့ အရေအတွက်ကို ဇွန်လ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ ပေးပို့ကြဖို့ အကြောင်းကြားစာ ဖြစ်ပါတယ်။ ဒါကိုကြည့်ရင် ပိုပြီး ရှင်းသွားပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အရင်က ပြောထားတဲ့တိုင်း ခါတိုင်းလိုပဲ နိုဝင်ဘာထဲမှာ ကျင်းပသွားမယ် ဆိုတဲ့သဘော ဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတုန်းက ရွေးကောက်ပွဲကျင်းပမယ့်နေ့ အတိအကျကို ရွေးကောက်ပွဲ မတိုင်ခင် ၈၅ ရက်အလို ၂၀၁၀ ခုနှစ် ဩဂုတ် ၁၃ ရက်နေ့မှာ စတင်ပြီး ကြေညာပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာကျတော့ ရွေးကောက်ပွဲ ကျင်းပမယ့်နေ့ အတိအကျကို ရွေးကောက်ပွဲ မတိုင်ခင် ၁၂၂ ရက်အလို ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်နေ့မှာ စတင်ပြီး ကြေညာပေးခဲ့ပါတယ်။

အခု ၂၀၂၀ ခုနှစ်မှာလည်း ဇူလိုင် သို့မဟုတ် ဩဂုတ်မှာ ကြေညာပေးမယ့်သဘောလို့ ယူဆရပါတယ်။ ကောင်းပါပြီ။ သူ့အချိန်ဇယားနဲ့သူ အချိန်မီအချိန်ကိုက်တွေ ကြေညာပေးသွားရင် ကြေညာပေးတဲ့ကိစ္စကတော့ ဘာမှပြဿနာ မရှိလောက်တော့ဘူးပဲ ထားပါတော့။

ဒါပေမဲ့ ကျနော်စဉ်းစားဖြစ်တာတွေက လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပပေးဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဘယ်လောက် ဘာတွေ အားထုတ်နေပြီလဲ။ ဘယ်သူတွေနဲ့ တိုင်ပင်ညှိနှိုင်းပြီး ဘာတွေ စီမံထားနိုင်ပြီလဲ။ အချက်အလက်ကောက်ယူမှုတွေ၊ စဉ်းစားချက်တွေ ဘယ်လောက် ပြည့်စုံနေပြီလဲ ဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။

အထွေထွေရွေးကောက်ပွဲနဲ့ တိုက်ရိုက်ဆိုင်တဲ့ ကျနော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေတချို့ကို ကျနော် စဉ်းစားမိသမျှ ထောက်ပြချင်တယ်။

ကျနော်တို့နိုင်ငံက ကပ်ရောဂါကို တစုံတရာသာ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်သေးတဲ့နိုင်ငံ ဖြစ်ပါတယ်။

လူထုတွေရဲ့ ကျန်းမာရေးအသိ၊ ကိုယ့်ကိုယ်ကိုရော အခြားသူများကိုရော ကာကွယ်စောင့်ရှောက်ဖို့ ကျန်းမာရေးအသိ ရေချိန် ဘယ်လောက်ရှိမလဲ။ အသိရေချိန် ရှိတယ်ဆိုဦး၊ ဘဝတွေ ကိုယ်နှိုက်က တိတိကျကျလိုက်လုပ်နိုင်တဲ့ အနေအထား ဘယ်လောက်ရှိမလဲ။ နှာခေါင်းစည်းတပ်ဖို့၊ လက်ခဏခဏဆေးဖို့၊ အနည်းဆုံး ၆ ပေခွာနေဖို့၊ ဖြစ်နိုင်သမျှ အိမ်ထဲမှာနေဖို့ ကျနော်တို့ ပြည်သူတွေ အများစုကြီးက အမှန်ခက်ပါတယ်။ ပေါင်မုန့်မရှိ ကိတ်မုန့်စားပေါ့ ဆိုတဲ့ လူတန်းစားများအတွက်တော့ ဒီအခြေအနေကိုနားလည်ဖို့ ခက်နေမလားပဲ။ ကိုယ်က ဘယ်လူတန်းစားပဲ ဖြစ်နေနေ ကိုယ်က တနိုင်ငံလုံးကိစ္စကို ဆုံးဖြတ်နေရတဲ့ အနေအထားမှာ ရှိနေရင် အခြေအနေအရပ်ရပ်ကို လွှမ်းခြုံနိုင်တဲ့ အသိအမြင်တွေရှိနေဖို့ အမှန်လိုအပ်မှာ ဖြစ်ပါတယ်။ အစီရင်ခံစာ အလွဲတွေနဲ့၊ ကောက်ချက်အလွဲတွေနဲ့ကို ကြည့်ပြီး ထိုင်ရာမထ ဆုံးဖြတ်ချက်တွေ ချလိုက်မယ်ဆိုရင်တော့ သံဃာစင်ပါ မှောက်ကုန်မှာ အသေအချာ ဖြစ်ပါတယ်။ ကျနော်တော့ တော်တော်စိုးရိမ်မိပါတယ်၊ တာဝန်ရှိသူများ အလေးထားကြဖို့ အကြံပြုပါတယ်။

ရွေးကောက်ပွဲကို တစ်ရက်တည်းမရရင် နှစ်ရက်လုပ်မလား၊ မဲရုံတစ်ရုံရှိရမယ့်နေရာမှာ နှစ်ရုံထားမလား စသဖြင့် နည်းနာတွေ ကြွယ်ကြွယ်ကြရမယ် ယူဆပါတယ်။ တရားမျှတပြီး အန္တရာယ်လည်းနည်းတဲ့ မဲဆွယ်စည်းရုံးရေး နည်းနာတွေ ဘယ်လို သတ်မှတ်ကြမလဲ။ စတာတွေအတွက် နိုင်ငံရေးပါတီတွေ၊ လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့ တိုင်ပင်တာ၊ ညှိနှိုင်းတာတွေ အသေအချာလုပ်ကြဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါတွေက နည်းနာပြဿနာပိုင်းပဲ ရှိပါသေးတယ်။ နောက်အရေးကြီးတဲ့၊ မပြောမဖြစ်တဲ့ ပြဿနာက နိုင်ငံရေး ပြဿနာတွေ ဖြစ်ပါတယ်။

ကျနော် အများကြီးတော့ မပြောတော့ပါဘူး။ အားလုံးလည်း သိရှိပြီး ဖြစ်နေတဲ့ အကြောင်းအရာတွေ ဖြစ်ပါတယ်။

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ ချင်းပြည်နယ် တောင်ပိုင်းမှာ စစ်ပွဲတွေ၊ အရပ်သားထိခိုက်သေဆုံးမှုတွေ သိပ်ကြီးနေတယ်။ စစ်ရှောင်စခန်းတွေ ပိုများ၊ စစ်ရှောင်လူဦးရေတွေပိုများ၊ စစ်ရှောင်နေရသူတွေရဲ့ နေထိုင်စားသောက်မှု ဒုက္ခတွေပိုများနေပြီး အခြေအနေတွေက တနေ့တခြား ပိုမိုဆိုးဝါးလာနေတယ်။ ဒါကို ဘယ်လို စဉ်းစားမှာလဲ။

တည်ငြိမ်အေးချမ်းမှုမရှိဘူးဆိုပြီး ချန်ထားခဲ့မှာလား။ ချန်ထားလိုက်ရုံနဲ့ ပြီးသွားမလား။ ဒေသခံ ရခိုင်ပြည်နယ်သား၊ ချင်းပြည်နယ်သားတွေရဲ့ လွတ်လပ်စွာရွေးချယ်ခွင့်နဲ့ အရွေးချယ်ခံ

**အလိုလိုမှ စစ်ပွဲတွေ ကြောင့် ဒုက္ခတွေ ပင်လယ်ဝေနေရတဲ့အထဲ သူတို့ရဲ့နိုင်ငံရေးအခွင့်အရေးကိုပါ ထပ်ပြီး စွန့်လွှတ်ခိုင်းသလို ဖြစ်နေရင် စော်ကားသလို၊ အနိုင်ကျင့်သလို ဖြစ်မနေပေဘူးလား။**

ပိုင်ခွင့်ကို မျက်ကွယ်ပြုရာ မကျဘူးလား။ အလိုလိုမှ စစ်ပွဲတွေကြောင့် ဒုက္ခတွေ ပင်လယ်ဝေနေရတဲ့အထဲ သူတို့ရဲ့ နိုင်ငံရေးအခွင့်အရေးကိုပါ ထပ်ပြီး စွန့်လွှတ်ခိုင်းသလို ဖြစ်နေရင် စော်ကားသလို၊ အနိုင်ကျင့်သလို ဖြစ်မနေပေဘူးလား။ အလေးအနက် စဉ်းစားစေချင်ပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှာလည်း အလားတူပဲ။ ဒေသခံ ပြည်သူတွေရဲ့ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးတွေအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လို ဆောင်ရွက်ပေးမှာလဲ။ အလေးထားစေချင်ပါတယ်။

၂။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်နီပြည် နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တွေမှာ နေရပ်စွန့်ခွာထွက်ပြေးနေရတဲ့သူတွေ (IDP)တွေ၊ ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းတွေမှာ ရှိကြတဲ့ ကျနော်တို့ရဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေ သူတို့တွေ မဲပေးနိုင်အောင်၊ သူတို့ယုံကြည်သူကို သူတို့ရွေးချယ်နိုင်အောင် ဘယ်လိုစီစဉ်ပေးကြမလဲ။ NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့အစည်းတွေ၊ NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းတွေနဲ့ တာဝန်ရှိသူများ ဘယ်လိုတိုင်ပင်ဆွေးနွေးပြီး သူတို့ရဲ့ ရွေးကောက်ပွဲ ဆိုင်ရာ အခွင့်အရေးတွေကို ဘယ်လိုအကာအကွယ်ပေးကြမလဲ။

စာမျက်နှာ – ၉ သို့

# COVID-19 က ပေးတဲ့ အတွေးတွေ

**ဇော်ဇော်ထွန်း**

**စီးပွားကုစားရေး ချေးငွေနှင့် လူထုလူမှုစီးပွားဘဝ**
**(၂၉၊ ၄၊ ၂၀၂၀ – ၁၁၊ ၅၊ ၂၀၂၀)**

ဒီကနေ့ ကပ်ဘေးကြောင့် စီးပွားရေးကုစားမှု အစီအစဉ်အရ SMEs တွေကို အတိုးနည်းချေးငွေ ထုတ်ချေးတဲ့ စာရင်းတွေ၊ သတင်းပို့စ်တွေ တွေ့ရတယ်။ ဘယ်လိုသူရဲ့ ဘာလုပ်ငန်းကို ထုတ်ချေးတဲ့အတွက် ဝေဖန်သံတွေလည်း ထွက်လာတယ်။ ထားတော့ ပါဝါရှိသူပါ ရနေတဲ့ကိစ္စ ပြောဖို့မဟုတ်လို့ အဲ့ဒီကိစ္စ ထည့်မပြောတော့။

အခုလို စီးပွားရေးကုစားမှုအတွက် လုပ်ငန်းတွေ မပြိုလဲအောင် ဝင်ကျားကန်ပေးတာ စီးပွားရေးနှိုးဆွဖို့ ငွေသွင်းတာ လုပ်သင့်ပါတယ်။ သီအိုရီတွေအရရော၊ ကြုံခဲ့ရဖူးတဲ့ လက်တွေ့သင်ခန်းစာတွေအရရော မှန်ကန်တဲ့မူဝါဒပါ။ ဒါပေမယ့် ဘယ်လို မဟာဗျူဟာနဲ့ အကောင်အထည်ဖော်မှာလဲ . . .၊ မဟာဗျူဟာ လုပ်ငန်းစဉ် ရေးဆွဲတဲ့အခါ ဦးစားပေးအစီအစဉ် ရှိရပါတယ်။ မိမိရဲ့ မဟာဗျူဟာရည်မှန်းချက်အရ အရေးကြီးမှုအလိုက်၊ လိုအပ်မှုအလိုက် ဦးစားပေး တစ်၊ နှစ်၊ သုံး ရှိရပါတယ်။

အဲ့ဒီလိုမဟုတ်ဘဲ အကုန်လုံးက လိုအပ်တယ်၊ အရေးကြီးတယ်လို့ စဉ်းစားရင် ဘယ်အရာကမှ အရေးမကြီးတော့သလို အရာရာကို ဖြည့်စွမ်းနိုင်ဖို့ ပြည့်စုံတဲ့ အရင်းအမြစ်က ဘယ်တော့မှ မရှိနိုင် ဆိုတာကို ဆရာတွေရဲ့ ပို့ချမှုတွေကနေ လေ့လာသင်ယူခဲ့ဖူးပါတယ်။ အခု ချေးငွေထုတ်ချေးတဲ့အခါ ကဏ္ဍစုံပါနေတာ တွေ့ရပါတယ်။ ကပ်ဘေးကာလနဲ့ ကပ်ဘေးအလွန် ပြန်လည်ထူထောင်ရေးအတွက် ဘယ်ကဏ္ဍတွေကို ဦးစားပေးမှာလဲ၊ ကုန်ထုတ်လုပ်မှုလား၊ ဝန်ဆောင်မှုတွေလား . . .

ကုန်ထုတ်လုပ်မှုဆိုရင် ဘယ်လိုလုပ်ငန်းမျိုးလဲ၊ အလုပ်သမားများတဲ့ လုပ်ငန်းမျိုးလား၊ ဘယ်လို ဝန်ဆောင်မှုမျိုးလဲ . . . စတဲ့ ကဏ္ဍတွေ၊ လုပ်ငန်းအမျိုးအစားတွေ ဦးစားပေးအစီအစဉ် သတ်မှတ်ရမှာ ဖြစ်ပါတယ်။

နောက်တချက်က လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍအကြောင်း။ မကြာခင် စိုက်ပျိုးရာသီရောက်တော့မှာ၊ ပုံမှန် စိုက်/ချေးငွေ စည်းမျဉ်းစည်းကမ်းတွေနဲ့ သွားလို့ မရနိုင်ပါ။ စပါးဈေးကျ–အထွက်နည်းနဲ့ မနှစ်ကအကြွေးမကျေနိုင် ဖြစ်ရတဲ့ ပြင်ပမှာ ချေးထားရတဲ့ လယ်သမားတွေက အများစုပါ။ ဒီကပ်ဘေးက သူတို့ကို ပိုလို့ ဒုက္ခကြီးစေမှာပါ။ လယ်သမားတွေအတွက် အထူးချေးငွေ ဖန်တီးပေးတာမျိုး၊ ဦးစားပေးအစီအစဉ် ထည့်သွင်းစဉ်းစားရပါမယ်။

မြန်မာ့ စိုက်ပျိုးသီးနှံထွက်ကုန်တွေ ဈေးကွက်ပျောက်လို့ ဝယ်သူမရှိ၊ ဈေးကျ၊ လမ်းဘေးသွန်နေရ။ ဖရဲ၊ ပြောင်း၊ ခရမ်းချဉ်၊ ကြက်သွန် အခြေအနေက အတော်ဆိုးနေပြီ။ ဒီကပ်ဘေးကာလအလွန် ကုန်ထုတ်လုပ်မှုအတွက် အစိုးရဲ့အခန်းက အင်မတန် အရေးပါလာပြီ။ စိုက်ပျိုးရေးထွက်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်ကုန် လုပ်နိုင်ဖို့ နည်းပညာနဲ့ အရင်းအနှီး ထောက်ပံ့ပေးရေး၊ နိုင်ငံတကာ ဈေးကွက်ရှာပေးရေး အစိုးရက အလေးပေးလုပ်ရမယ်လို့ အကြံပြုလိုပါတယ်။ ဥပမာ– ခရမ်းချဉ်ဆိုရင် ခရမ်းချဉ်ဆော့တို့၊ တာရှည်ခံ ခရမ်းချဉ်အနှစ်ဗူးတို့ စသည်ဖြင့် ထုတ်ပြီး ရောင်းတာမျိုး။ အခြား သီးနှံတွေလည်း အမျိုးမျိုး လုပ်နိုင်မှာပါ။ နောက်တခုက မွေးမြူရေးလုပ်ငန်းတွေလည်း စဉ်းစားရလိမ့်မယ်။ အဲ့ဒီအတွက် မျိုး၊ အစာနဲ့ ဆေးဝါး ဆိုတာမျိုးတွေ ပြည်တွင်းကုန်ကြမ်းသုံး ဈေးပေါပေါနဲ့ ထုတ်လုပ် ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် စိတ်ဝင်စားသူ လုပ်ငန်းရှင် အငယ်တွေအတွက် မြေနေရာ၊ နည်းပညာ၊ အရင်းအနှီး ထောက်ပံ့တာမျိုး၊ အခွန်လျှော့ပေးတာမျိုး၊ နိုင်ငံခြား ဈေးကွက်ရှာတာမျိုး စတာတွေတော့ အစိုးရက တာဝန်ယူပေးရမှာ။ အခု ကိုဗစ်အလွန် စီးပွားရေး ပြန်လည်ထူထောင်ရေး အစီအစဉ်နဲ့ ချိတ်ဆက်ပီး လုပ်သင့်တယ် ထင်တာပဲ။

CMP လုပ်ငန်းတွေ အခြား လုပ်သား အများအပြားသုံးရတဲ့ ကုန်ထုတ်လုပ်ငန်းတွေအတွက် အလေးပေးသလို၊ စိုက်ပျိုးမွေးမြူရေး ကဏ္ဍကိုလည်း ဦးစားပေးစဉ်းစားသင့်တယ်။ ဒါမှ ကျေးလက်က လူငယ်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းလည်း ဖြစ်မှာ။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေက ကျားကန်ပေးနေလို့လည်း တကယ် ပြန်လည်အလုပ်ဖြစ်ဖို့ဆိုတာက အချိန်အတော် ကြာဦးမှာပါ။ ဒီတော့ ဒီအခြေအနေမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍကို ဦးစားပေး အထူးအစီအစဉ်တွေ ရေးဆွဲ၊ ချမှတ် အကောင်အထည် ဖော်တာမျိုး၊ ဒေသအလိုက် အထူးထုတ်ကုန် သတ်မှတ်ထုတ်လုပ်တာမျိုးတွေ လုပ်ဆောင်သင့်တယ်လို့ မြင်မိပါတယ်။

ဒါ့အပြင် စီပွားရေးနှိုးဆွတဲ့ အစီအစဉ်တွေမှာ လုပ်သင့်တာက စီးပွားရေးလုပ်ငန်းတွေ၊ ဘဏ်လုပ်ငန်းတွေကို ကျားကန်ပေးတာအပြင် ပြည်တွင်းဝယ်ယူ စားသုံးနိုင်စွမ်း မြင့်တက်အောင်လည်း စဉ်းစားရမှာ ဖြစ်ပါတယ်၊ ပြည်သူအများစု ငွေမရှိရင် မစားသုံးနိုင်ပါဘူး။ ဒါဆို ပြည်တွင်းစီးပွားရေးလည်ပတ်မှုကို ထိခိုက်မှာပါ။ ဒါကြောင့် ဝင်ငွေနည်းပြည်သူတွေ၊ လက်လုပ်လက်စား ပျံကျ အလုပ်သမားတွေ ဖူလုံရေးစနစ် ပြင်ပရှိနေတဲ့

အလုပ်သမားတွေ စတာတွေအတွက် ကာလတစ်ခုအထိ အခြေခံ စားဝတ်နေရေးအတွက် ငွေကြေး ထောက်ပံ့တာမျိုး လိုပါမယ်။ ဒါ့အပြင် တစ်နေ့စာတနေ့ ရင်းစားနေရသူတွေအတွက် အတိုးမဲ့ အသေးစားချေးငွေများ ထုတ်ချေးတဲ့ အစီအစဉ်တွေ လုပ်ဆောင်သင့်တယ်လို့ မြင်ပါတယ်။

စီးပွားရေးကုစားတဲ့အခါ ပြည်သူအများစုရဲ့ လူမှုစီးပွားဘဝများ မပြိုလဲရေးအတွက်ပါ ထည့်သွင်း စဉ်းစားသင့်ကြောင်း တင်ပြလိုပါတယ်။

## ချေးငွေနဲ့ ဘတ်ဂျက်ကိစ္စ (၂၂ – ၂၅၊ ၅၊ ၂၀၂၀)

ပြင်သစ်–ဂျာမန် ပူးတွဲအဆိုပြုချက်ဖြစ်တဲ့ ယူရိုဘီလျံ ၅၀၀ ဥရောပပြန်လည်နိုးထရေးရံပုံငွေ ထူထောင်ရေး တဲ့။ ပမာဏ နည်းပေမယ့် ဥရောပဘဏ္ဍာရေးနဲ့ ဘတ်ဂျက်ဆိုင်ရာ ပေါင်းစည်းမှုခြေလှမ်းအဖြစ် ကိုဗစ်အလွန်နောက်ဆက်တွဲ သမိုင်းဝင်ဖြစ်ရပ်တစ်ခု ဖြစ်လာနိုင်မှာလား၊ အီးယူဗဟိုဘဏ် ငွေချေးစာချုပ် ထုတ်ရောင်းပြီး ဖြည့်မယ်ဆိုတော့ အီးယူ ဘတ်ဂျက်လိုငွေကို ဘာနဲ့ ဖြည့်မလဲ၊ အီးယူအခွန် တိုးကောက်ရတော့မှာလား၊

အဆင်မပြေတဲ့ နိုင်ငံတွေအတွက် တတ်နိုင်တဲ့ နိုင်ငံတွေက ဝင်တာဝန်ယူပေးရမှာလား ဆိုတာကလည်း မေးခွန်းထုတ်စရာ ရှိလာမယ်။ အထူးသဖြင့် ဂရန့်အနေနဲ့ သုံးမယ်ဆိုရင်ပေါ့။ ချေးငွေဆိုရင်တောင် ပြန်ဆပ်ရမယ့်ကာလ တွက်ဖို့လိုလာပြီ။ နှစ်ရှည်နဲ့၊ သုညနီးပါးအတိုးနှုန်းနဲ့ ဖြစ်ရင် ဂရန့်နဲ့ ဘာမှမထူးနိုင်ဘူးလို့ ဆိုတယ်။ ကျန်အီးယူနိုင်ငံတွေကရော သဘောတူပါ့မလား၊ ဒါပေမယ့် လက်တွေ့ဖြစ်လာရင်တော့ ဒါဟာ ဥရောပပေါင်းစည်းရေး (ဥရောပဖယ်ဒရယ်) နိုင်ငံရေးအရ သမိုင်းဝင်ဖြစ်ရပ်တစ်ခု ဖြစ်လာလိမ့်မယ်တဲ့။ စိတ်ဝင်စားဖွယ် သုံးသပ်မှုတစ်ခု ဖြစ်ပါတယ်။

အီးယူ သတင်းလိုပဲ။ စိတ်ဝင်စားစရာ ကောင်းတာကတော့ အမိမြန်မာပြည်ရဲ့ ချေးငွေကိစ္စများပါ။

များသောအားဖြင့် အိုင်အမ်အက်ဖ် ချေးငွေတွေက conditions တွေ၊ သတ်မှတ်ချက်တွေ ပါတတ်တယ်။ World Bank နဲ့တောင် မတူဘူး။ ဒီတော့ ပါလား – မပါလား၊ ပါရင် ဘာတွေလဲ၊ အဲ့ဒါတွေ လွှတ်တော်မှာ ချပြလားတော့ မသိ၊ လူထုကတော့ ဘာမှ မသိရဘူး။ သိသာ သိခွင့်မရတာ။ ပြန်ဆပ်ရင် ပြည်သူ့ငွေနဲ့ ဆပ်ရမှာ။ နောက်တချက်က ဒီကပ်ဘေးအတွက် grants တွေလည်း ရှိတယ်။ (ပြန်ဆပ်စရာ မလိုတဲ့ အကူအညီ)။ multi lateral a&m bi-lateral ရောပဲ။ အဲ့ဒီအတွက်အပါအဝင် overall strategic plan တွေ၊ လုပ်ငန်းစဉ်တွေ၊ ယန္တယားတွေကို တစုံလုံးရော၊ ကဏ္ဍတစ်ခုချင်းစီအလိုက်ရော ဘာတွေ ပြင်ဆင်ထားပြီလဲ၊ ဒီနယ်ပယ်မှာ အတွေ့အကြုံရှိတဲ့ လုပ်တတ်တဲ့သူတွေကို ဖိတ်ခေါ်ပြီး အကြံဉာဏ်ယူတာ၊ plan ဆွဲတာ၊ အလုပ်အဖွဲ့ ဖွဲ့စည်းတာတွေ စဉ်းစား အကောင်အထည်ဖေါ်နေကြပြီလား၊ လူထုထဲက လူဖြစ်တော့ ဘာဆို ဘာတစ်ခုမှ မသိရ။ အနည်းဆုံး အခု လွှတ်တော်မှာ ဒါတွေ တင်ပြ ဆွေးနွေးသင့်တယ်လို့ တင်ပြလိုကြောင်းပါ။

**ဖော်ဖော်ထွန်း**

စာမျက်နှာ – ၇ မှ

၃။ ထိုင်းမှာရော၊ မလေးမှာရော ကပ်ဘေးနဲ့ အခါပျက်နေတာကြောင့် ကျနော်တို့ဆီက အလုပ်သွားလုပ်နေကြတဲ့ ရွှေ့ပြောင်း အလုပ်သမားတွေကိစ္စ။ သူတို့ရဲ့ မဲပေးခွင့်ကို ဘယ်လို အကာအကွယ်ပေးကြမလဲ။

၄။ ကပ်ဘေးရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကြောင့်၊ စက်ရုံတွေက အလုပ်သမားလျှော့ချမှုကြောင့် အလုပ်ပြုတ်တဲ့သူ ပြုတ်၊ စက်ရုံပိတ်လို့ စောင့်နေရခက် နယ်ပြန်ရခက်နဲ့ ဘယ်သွားလို့ ဘယ်လာရမှန်းမသိ ဖြစ်တဲ့သူဖြစ်၊ စက်ရုံပိုင်ရှင်ထွက်ပြေးလို့ ဟိုတိုင် ဒီတိုင်နဲ့ မရသေးတဲ့ လုပ်ခလစာတွေ ရဦးမှာလိုလို မရတော့ဘူး လိုလိုနဲ့ မရေမရာ ဖြစ်တဲ့သူဖြစ် အတိဒုက္ခရောက်နေကြတဲ့ စက်မှုဇုံ အလုပ်သမားတွေရဲ့ မဲပေးခွင့်၊ ရွေးချယ်ခွင့်တွေကို ဘယ်လိုအကာ အကွယ်ပေးကြမလဲ။

ပြဿနာတွေကတော့ ပြောရင် အများကြီးပဲ။ မကုန်နိုင်အောင်ရှိပါတယ်။ အခုပြောတဲ့ ၄ ချက်အပေါ်ပဲ စဉ်းစားကြည့်ကြပါဦး။

နိုင်ငံရေးပြဿနာတွေ ဖြစ်တာကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ချည်း ဖြေရှင်းလို့ရတာမျိုးလည်း မဟုတ်ပြန် ဘူး၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်အပါအဝင် သမ္မတနှင့်တကွ ဝန် ကြီးဌာနတာဝန်ရှိသူတွေ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်း ချမ်းရေးဗဟိုဌာန (NRPC)၊ ငြိမ်းချမ်းရေးကော်မရှင်၊ ကာချုပ်အပါအဝင် တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ (EAOs) အားလုံး ဝိုင်းရှင်းမှရမယ့် ပြဿနာ ဖြစ်ပါတယ်။

အထွေထွေရွေးကောက်ပွဲကျင်းပခြင်းဆိုတာ ဒီမိုကရေစီကို ဦးတည်နေတဲ့ နိုင်ငံတွေအဖို့ အင်မတန်အရေးကြီးတဲ့ နိုင်ငံရေး လုပ်ငန်းရပ် ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ လွတ်လပ်ပြီး တရားမျှတမှုဆိုတဲ့ နိုင်ငံတကာ စံချိန်စံညွှန်းတွေ ပြည့်မီဖို့ အမှန်လိုအပ်ပါတယ်။ အဲလို ပြည့်မီဖို့ကို ဦးတည်ချက်ထားပြီး အင်အားစုအားလုံး ဝိုင်းကြိုးစားကြရမှာ ဖြစ်ပါတယ်။ အင်အားစုအားလုံး ဝိုင်းကြိုးစားနိုင်အောင် တာဝန်ရှိသူများက လမ်းဖွင့် ကြိုဆိုရမှာ ဖြစ်ပါတယ်။

ဘယ်သူကျန်ကျန်၊ ဘယ်သူ့ချန်ချန် ရွေးကောက်ပွဲမှာ ကိုယ့်ပါတီနိုင်ဖို့၊ ကိုယ့်ပါတီအစိုးရဖွဲ့နိုင်ဖို့လောက် အာရုံထားပြီး လုပ်ကြမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်က တော်တော်အကျည်းတန်သွားပါလိမ့်မယ်။

တာဝန်ရှိသူတိုင်း ဒီတင်ပြချက်တွေအပေါ် အလေးအနက်ထားပြီး အမြော်အမြင်ကြီးကြီးနဲ့ အကောင်းဆုံးကို ညှိနှိုင်းရှာဖွေသွားကြပါလို့ လေးလေးနက်နက် အကြံပြု တိုက်တွန်းလိုက်ပါတယ်။ ။

**ဇွန်မိုး**
၁၊ ၆၊ ၂၀၂၀

# DPNS ရဲဘော်များနှင့် မိတ်ဆွေများ၏ စုပေါင်းအလှူဒါနများ


















# DPNS ရဲဘော်များနှင့် မိတ်ဆွေများ၏ စုပေါင်းအလှူဒါနများ












# ဘာလုပ်ကြမလဲ . . . ဆိုတဲ့အထိ ဆက်သွားကြရမယ်

**တင်အေး (၈၈ မျိုးဆက်၊ ဗကသ)**

ဒီနေ့ ကိုဗစ်ဖြတ်သန်းမှုကာလမှာ ခေတ်ပေါ်ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်ပေါ်နေတာ တွေ့ရပါတယ်။ ရှိပြီးသား ပြဿနာတွေအပြင် ကိုဗစ်ကာလဖြတ်သန်းမှုမှာ ထပ်ပေါ်လာတာမို့လို့ ခေတ်ပေါ်ပြဿနာတွေလို့ သုံးရတာပါ။ မစွတာလားပြဿနာ၊ အစ်မတော်ပြဿနာကစလို့၊ ဘယ်နှုပေ ခွာနေကြမှာလဲဆိုတာ အလယ်၊ မနေ့ တနေ့ကမှ ဖြစ်သွားတဲ့ ခွေးတရားစီရင်ခန်းအဆုံး ပြဿနာပေါင်း သောင်းခြောက်ထောင် ဆိုတဲ့ စကားနဲ့ တကယ် လိုက်ဖက်ညီတဲ့ ကာလပါ။

## ခေတ်ပေါ်ပြဿနာများထဲက နိုင်ငံရေး

ကိုဗစ်–၁၉ ဗိုင်းရပ်ပိုး ခုခံကာကွယ်ချေမှုန်းရေးဟာ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အားလုံးနဲ့ သက်ဆိုင်နေသလို၊ နိုင်ငံရေး ဆိုတာဟာလည်း ပြည်သူတွေအားလုံးရဲ့ဘဝဖြစ်နေတာပဲ မဟုတ်လား။

ကိုဗစ်–၁၉ ကာလ၊ မလွန့်တလွန်ကာလနဲ့ အလွန်ကာလတွေရဲ့ ပုံမှန်သစ်အခြေအနေ(new normal)မှာ ဘယ်လိုလိုက်လျောညီထွေဖြစ်အောင် နေကြမလဲဆိုတာ မဖြစ်မနေ စဉ်းစား အဖြေရှာကြရမှာပါ။ မဟုတ်ရင် လူတစ်ဦးချင်း၊ မိသားတစ်စုချင်း၊ လုပ်ငန်းတစ်ခုချင်း၊ အဖွဲ့အစည်းတစ်ဖွဲ့ချင်းဟာ ဒိုင်နိုင်ဆောတွေ မျိုးတုံး ပျောက်ကွယ်သွားသလို ရှေးရှေးတုန်းကတော့ ရှိခဲ့ဖူးသတဲ့ ဆိုတဲ့ အခြေအနေမျိုး ရောက်သွားပါလိမ့်မယ်။

နိုင်ငံရေးမှအပ ကျန်အခြေအနေများကို ဆိုလိုသည်ဆိုတာ မရှိသလိုပါပဲ၊ ပြည်သူတွေရဲ့ဘဝဖြစ်တဲ့ နိုင်ငံရေးမှာလည်း လက်တွေ့ပြဿနာရပ်တွေကို စဉ်းစားအဖြေရှာတာ လုပ်ရမှာပါပဲ။ ကိုဗစ် သည်းထန်ကာလအတွင်းက ဗမာပြည်နိုင်ငံရေးမှာအရေးကြီးတဲ့ ဖော်ပြချက်တစ်ခု ထွက်ပေါ်ခဲ့ပါတယ်။ ခေါင်းဆောင်မှုအခန်းရဲ့ ဖော်ပြချက်ပါ။ (လူပုဂ္ဂိုလ်ဆိုတာ မမြဲပါဘူး၊ သဘောတရား အမြင်အယူအဆ ဆိုတာကတော့ လူပုဂ္ဂိုလ်မရှိတော့ရင်လည်း သူ့သဘောထား အမြင်အယူအဆတွေက ကျန်ခဲ့မှာပါ။ အဲဒါကြောင့် လူပုဂ္ဂိုလ်အစွဲပြုနိုင်ငံရေးကို တည်ပြောတာထက် ခေါင်းဆောင်မှုအခန်းလို့ပဲ ပြောတာ သင့်တော်ပါတယ်။)

ကိုဗစ် သည်းထန်ကာလမှာ စစ်ပွဲတွေလည်း သည်းထန် ပါတယ်။ အဲဒီကာလမှာ ဗမာပြည် ဒီမိုကရေစီ နိုင်ငံရေးရဲ့ ခေါင်းဆောင်မှုအခန်းက ဖော်ပြချက်တစ်ခု ထွက်လာပါတယ်။ အဲဒီဖော်ပြချက်မှာ အဓိက ပါနေတဲ့အချက်ကတော့ စစ်အာဏာရှင်စနစ် ကိုယ်စားပြုသူတွေကို ထောက်ခံကြောင်း ဖော်ပြချက်ပါ။ ဒီဖော်ပြချက်နဲ့ ပတ်သက်ပြီး ပေါက်ကွဲသံတွေ၊ အသည်းကွဲပြီးရင်းကွဲတဲ့အသံတွေ သောသောညံခဲ့ပါတယ်။

## စစ်အာဏာရှင်စနစ် ကိုယ်စားပြုသူများကို ထောက်ခံခြင်းရဲ့ နိုင်ငံရေးအဓိပ္ပါယ်

အနှစ် (၇၀) ကျော် ရှိလာတဲ့ ပြည်တွင်းစစ်အတွင်း လက်တွေ့ပါဝင်ဆင်နွှဲနေကြသူတွေ၊ ဦးဆောင်နေသူတွေရဲ့ အကြောင်းခံတွေ၊ ပါဝင်ဆင်နွှဲရတဲ့အကြောင်းခံတွေ ဘယ်လိုပဲရှိပါစေ။ ဗမာပြည် ပြည်တွင်းစစ်ဆိုတာ ဗမာ့လူ့အဖွဲ့အစည်းမှာရှိနေတဲ့ ဖိနှိပ်မှုနဲ့ ခုခံမှု ဆိုတာကို အကြီးမားဆုံး၊ အထင်ရှားဆုံး ဖော်ပြနေတဲ့ ကာလရှည်သက်သေပါ။ ဗမာပြည်သူတွေရဲ့ ဘဝတွေ၊ အသက်တွေနဲ့ ရင်းပြီး ခံစားနေရတဲ့ နာတာရှည် ခါးသည်းမှုပါ။

ကိုဗစ်ကာလအတွင်း စစ်အာဏာရှင်စနစ်ကိုယ်စားပြုသူတွေကို ထောက်ခံကြောင်းဖော်ပြချက်ရဲ့ နိုင်ငံရေးအဓိပ္ပါယ်ကို အတတ်နိုင်ဆုံး အမုန်းတရားကင်းကင်း၊ နာကျည်းစိတ်ကင်းကင်းနဲ့ ကောက်ချက်ဆွဲကြည့်ရင် ဒီလိုတွေ့ရပါတယ်။ အဲဒီ ထောက်ခံချက်ဟာ –

၁။ ဗမာပြည် ပြည်တွင်းစစ်ဆိုတာကို ဗမာပြည်သူတွေ ခံစားရသလို မခံစားရကြောင်း ဖော်ပြနေပါတယ်။

၂။ ဒီနေ့အထိ ဗမာပြည်မှာ စစ်အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီရေး တိုက်ပွဲဟာ အပြင်းအထန် ရှိနေဆဲဆိုတာ သဘောမပေါက်ကြောင်း ဖော်ပြနေပါတယ်။

၃။ (ဖိနှိပ်မှုနဲ့ ခုခံမှု) စစ်အာဏာရှင်စနစ်နဲ့ ဒီမိုကရေစီရေးကြားက ပြဿနာဟာ မိတ်ဖက်ပြဿနာမဟုတ်၊ ရန်ဘက်ပြဿနာသာ ဖြစ်တယ်ဆိုတာ သဘောတရားအရ၊ လက်တွေ့အရ နားမလည်ကြောင်း ဖော်ပြနေပါတယ်။ (ဒီ့ထက်ပိုတဲ့ ကောက်ချက်တွေလည်း ရှိနိုင်ပါတယ်။ လွတ်လပ်စွာ ကွဲလွဲပါ။)

## ဘာလုပ်ကြမလဲ

ဗမာပြည် ဒီမိုကရေစီနိုင်ငံရေးရဲ့ ခေါင်းဆောင်မှုအခန်းက ပြည်တွင်းစစ်ကြောင့် မျိုးဆက်လိုက် ခံစားသွားရတဲ့၊ မျိုးဆက်လိုက် ခံစားနေရတဲ့ ပြည်သူတွေရဲ့ဆင်းရဲဒုက္ခကိုလည်း မသိ၊ အဓိကနိုင်ငံရေးပြဿနာကိုလည်း မဆုပ်ကိုင်မိတဲ့ ဒီခေါင်းဆောင်မှုအခန်းကို ပေါက်ကွဲသံစဉ်မျိုးစုံနဲ့ ပေါက်ကွဲနေရုံနဲ့ အဖြေမရနိုင်။ ကိုယ့်နိုင်ငံရေးဟာ ပေါက်ကွဲမှုမှာ အဆုံးသတ်လိုက်လို့မရ။

ပေါက်ကွဲမှုကို လူသားသဘာဝတစ်ခုအဖြစ် ထပ်တူစာနာ ခံစားလို့ရပါတယ်။

ဒါပေမဲ့ နိုင်ငံရေးကို တာဝန်ရှိရှိ စဉ်းစားကြရမယ့်သူတွေအတွက်တော့ ပေါက်ကွဲမှုအခြေအနေကို ပကတိအချက်အလက်လို့ သဘောထား၊ အဲဒီ့ပကတိအချက်အလက်ကနေ နိုင်ငံရေး ပုံမှန်သစ် အခြေအနေ(new normal politics)ကို ဘယ်လိုဖြတ်သန်းကြမလဲဆိုတဲ့အထိ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ကြဖို့၊ စဉ်းစားကြဖို့၊ ဆွေးနွေးကြဖို့ လိုပါတယ်။ ။

**တင်အေး (၈၈ မျိုးဆက်၊ ဗကသ)**

# အရင်းအမြစ်အထိ စစ်ဆေးကြပါစို့

ကိုဘာ

"နိုင်ငံရေးမှာ လူကြီး–လူငယ် မရှိဘူး။"

ကြာခဲ့ပြီ။ လွန်ခဲ့တဲ့ နှစ် (၃၀)၊ ကျနော်တို့ အသက်တွေက (၂၀) ကျော်။ ဒီစကားကို လူကြားသူကြား ပြောင်ကျကျ၊ တရားဝင် စ ' ပြောတာ ကြားဖူးခဲ့။ တခြားမဟုတ်၊ ပြောသူက ကျနော့် အမှတ်တွဲ ရဲဘော်တစ်ဦး။ သူ ဖေါ်ထုတ်ခါမှ ကျနော့်မှာ ထပ်တူထပ်မျှ လက်ခံထားမိတဲ့ အတွေးအခေါ်တစ်ရပ်ကို စကားလုံး၊ စကားသံတွေအဖြစ် စုစည်းရမိခဲ့။ အခု သူရော၊ ကျနော်ပါ လူကြီး အရွယ်တွေ ရောက်တဲ့အထိ ဒီစကားကို လိုအပ်ရင် သူ ပြောလေ့ရှိတုန်းပါ။ အဲ့ဒီစကားအတွက် ကျနော်ကလည်း သူ့ကို ခုအထိ ကျေးဇူးတင်မဆုံးပါ။

ဟုတ်ပါရဲ့။ နိုင်ငံရေးပြဿနာကို ဇာစ်ဇာစ်မြစ်မြစ် အဖြေရှာရေးမှာ လမ်းလွဲပစ်ဖို့ အပြောင်မြောက်ဆုံး ချောက်ချနည်းက ပြဿနာအရပ်ရပ်အတွက် အပေါ်ယံ မြင်သာမှုရှိနေတဲ့ လူကြီး–လူငယ် ပြဿနာ၊ မျိုးဆက်ကွာဟမှု ပြဿနာအဖြစ် တလွဲပုံဖေါ်ခြင်းပဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းတစ်ခုအတွင်း၊ အဖွဲ့အစည်းတစ်ခုနဲ့ တခုအကြား၊ လူတစ်ဦးချင်းစီအကြား နိုင်ငံရေးအရ ကွဲလွဲမှုဟာ လူကြီး–လူငယ် ကွာဟမှု၊ မျိုးဆက်ကွာဟမှုကိစ္စလုံးဝ ကို မဟုတ်ပါ။ ပြဿနာတိုင်းရဲ့ ရင်းမြစ်ဟာ အတွေးအခေါ်သာ ဖြစ်ပါတယ်။ ကိုယ့်အတွေးအခေါ်ရင်းမြစ် တနည်း ကိုယ့်လူတန်းစား ဇာစ်မြစ်ကို ဖုံးကွယ်ထားပြီး မသမာတဲ့ အသာစီးရမှုမျိုး မဖန်တီး မရယူချင်တဲ့ ဘယ်တစ်ဦးတစ်ယောက်ကမှ အဲ့ဒီ လူကြီး–လူငယ် ပြဿနာ၊ မျိုးဆက်ကွာဟမှု ပြဿနာဆိုတဲ့ စကားအသုံးအနှုန်းကို ဖေါ်ထုတ်လေ့ မရှိပါဘူး။

အသက်ကြီးတော့ ခန္ဓာကိုယ်ယန္တရားမှာ ငယ်ကမရှိတတ်တဲ့ အားနည်းချက်တွေ ရှိလာနိုင်တယ်။ အဲ့ဒီအခြေခံ ဆုတ်ယုတ်မှု အပေါ်အကြောင်းခံပြီး အချို့အလုပ်တွေမှာ ပိုအားထုတ်ရတာတွေ၊ သီးခြား ပံ့ပိုးမှုတွေ လိုအပ်နိုင်တယ်။ ကျနော်သိတဲ့ ထူးခြားချက်က ဒါပါပဲ။ အဲ့ဒါ ဘယ်မျိုးဆက်မဆို ပြဿနာ သို့မဟုတ် ကွာဟချက် မဖြစ်ပါဘူး။ ခြွင်းချက်ပြောရင် ကျန်းမာရေး (သို့) မတော်တဆဖြစ်မှုတွေကြောင့် ငယ်တဲ့အရွယ် ဒါမျိုး လိုအပ်ချက်တွေ ဖြစ်နိုင်ပါသေးတယ်။ ဘယ် အကောင်းပကတိစားပွဲကိုမှ ထောက်ခံ ဖေးပေးထားရတာ မရှိပေမယ့်၊ ခြေတစ်ဘက်ကျိုးနေ နိမ့်နေတဲ့စားပွဲတိုင်းကို ထောက်ခံ ခုပေး၊ ဖေးပေးပြီး အလုပ်ဖြစ်အောင် သုံးရတာချည်းပါ။ လိုရင်းက စွမ်းဆောင်ရည်ကိစ္စပါ၊ အသက်ကိစ္စ မဟုတ်ပါ။

အသက်ကြီးတော့ အတွေ့အကြုံများတယ်ဆိုတာလည်း ရေးကြီးခွင်ကျယ်ကိစ္စကြီး မဖြစ်ပါ။ အဲ့ဒီ အတွေ့အကြုံဆိုတာ အများစုက ခေတ်ကျန်အတွေ့အကြုံမျိုးတွေသာ ဖြစ်ပါတယ်။ လက်ငင်းကိစ္စတွေအတွက် အသုံးတည့်ကောင်းမှ တည့်မယ်၊ တခြား တဖက်က အသုံးတည့်နေသေးတာလည်း ရှိနိုင်တယ်။ ဒါလည်း အခုလူကြီးများ ငယ်စဉ်က၊ အခုလူငယ်များ ကြီးရင့်လာတဲ့အခါ ဆိုတာမျိုး ဆင်ခြင်ကြည့်ရင် ဘာမှ ခြားနားတဲ့ တန်ဖိုးတစ်ခုခု တွေ့ရလိမ့်မယ် မဟုတ်ပါဘူး။

ချက် ပြုတ် ကြော် လှော် စားတဲ့ဓလေ့အထိ ဖွံ့ဖြိုးခဲ့ပြီးခါမှ၊ ဘယ်သူကမှ မီးလောင်ပြင်က အသားစလိုက်ရှာပြီး စားကောင်း–မကောင်း စမ်းသပ်တဲ့အတွေ့အကြုံမျိုး သင်ယူနေဖို့ မရှိပါဘူး။ ချက် ပြုတ် ကြော် လှော်စရာ မလိုဘဲ ၂၀ စီစီ လောက်ဆေးရည် ထိုးသွင်းရုံမျှနဲ့ ကျက်ပြီးသားအသား အဆင်သင့်စားနိုင်တယ် ဆိုတာမျိုးတော့ စမ်းသပ်၊ သင်ယူကြရမှာပဲ ဖြစ်ပါတယ်။ စားကို စားနေစရာ မလိုတော့ဘဲ ဆေးပြားတစ်ပြား ငုံရုံမျှနဲ့ အာဟာရ အလုံးစုံ ဖြည့်ယူနိုင်တဲ့ နည်းစနစ်မျိုးဆိုရင်လည်း ထပ်သင်ယူကြရမယ့် စမ်းသပ်မှုမျိုးတွေ လိုမှာပါပဲ။ အရင်မျိုးဆက်တုန်းကလည်း ခြေမြန်တော်နဲ့ အပြေးသွားမယ့်အစား၊ မြင်းသည်တော်နဲ့ စာပို့ ဆက်သွယ်ဖို့ အားထုတ်ခဲ့ကြတာပဲ။ နောက် လှေ၊ လှည်းများအစား စက်တပ်ယာဉ်တွေဆီ ပြောင်းရွှေ့ သုံးခဲ့ကြတာ။ တယ်လီဖုန်း၊ အင်တာနက် စသည် ပိုလွယ်တဲ့၊ မြန်တဲ့၊ သက်သာကောင်းမွန် ထိရောက်တဲ့ နည်းလမ်းတွေ ကြံဆတာဟာ မျိုးဆက်တိုင်း လူသတ္တဝါရဲ့ သဘာဝပါ။ ကြီးခြင်း–ငယ်ခြင်းဆိုတဲ့ အသက်အရွယ်အခြေခံမှာ တည်မှီတဲ့ ခြားနားချက် မတွေ့ရပါ။

ကွန်ပြူတာ မတိုင်ခင် ဂဏန်းတွက်စက်နဲ့ လက်နှိပ်စက်ကို သုံးခဲ့သော မျိုးဆက်ကလည်း ရှေ့အတွေ့အကြုံများထက် ပိုသက်သာ ထိရောက်မှုကို ဆန်းသစ်ခဲ့သူများ ဖြစ်ပါတယ်။ ပေသီးနဲ့ သင်ပုန်းကို ရှာဖွေ အသုံးချခဲ့သူများကလည်း စွန့်ဦးတီထွင်တတ်သူများ ဖြစ်ခဲ့ပါတယ်။ ဒါက လူသားသဘာဝနဲ့ လူ့ဖြစ်ပေါ်တိုးတက်မှု အစီအစဉ်သာလျှင် ဖြစ်ပါတယ်။

ကျနော့်အမှတ်တွဲ ရဲဘော်ရဲ့စကား တနည်း ကျနော်တို့ရဲ့ အတွေးအခေါ်ကိစ္စ ပြန်ကောက်ရအောင်။ နိုင်ငံရေးဆိုတာ အတွေးအခေါ်၊ ရပ်တည်ချက်နဲ့ ယုံကြည်မှုများ စုစည်းချက် ဖြစ်ပါတယ်။ တစ်ခုတည်းသော နိုင်ငံရေးပါတီအတွင်းမှာ ရဲဘော်ဟာ ရဲဘော်ပါပဲ။ ဘယ်အသက်အရွယ်ဖြစ်စေ၊ အတွေ့အကြုံ နည်းစေ–များစေ အတွေးအခေါ်၊ ရပ်တည်ချက်နဲ့ ယုံကြည်မှုများ တူသူဟာ တန်ဖိုးတူပဲ ဖြစ်ပါတယ်၊ နောက် နိုင်ငံရေးတာဝန်တွေအရ မတူတဲ့ အခေါ်အဝေါ်တွေကလည်း တာဝန်ယူရမှု အမျိုးအစား ခွဲခြား သတ်မှတ်ချက်ပဲဖြစ်ပြီး ရာထူးရာခံ၊ အဆင့်သဘော မရှိပါဘူး။ ကိုယ့်တာဝန်ကိုယ် ကျေပွန်မှု၊ တာဝန်ယူမှုတူရင် တန်ဖိုးတူပါပဲ။ အတွေ့အကြုံ ဖြတ်သန်းမှုမှာ အချို့ရဲဘော်တွေဟာ ပြင်းထန် ကြမ်းတမ်းတဲ့ အကျပ်အတည်းတွေနဲ့ မီးဆေးခံရတဲ့ရွှေလို

စာမျက်နှာ – ၁၂ သို့

# ကိုဗစ်ကာလနဲ့ ကိုဗစ်အလွန် ပညာရေးပုံစံသစ်

ကြယ်စင်မြစ်

ခုတလော အငြင်းပွါးဖွယ်ဖြစ်နေတဲ့ ဇူလိုင်လထဲမှာ ကျောင်းတွေပြန်ဖွင့်မယ်ဆိုတဲ့ကိစ္စနဲ့ ပတ်သက် ပြီး ကျမရဲ့အမြင်ကို ပြောပြချင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စု အဆင့် တာဝန်ရှိသူတွေ ရဲ့အသံ၊ တကယ်လက်တွေ့ လုပ်ဆောင်နေရတဲ့ အောက်ခြေက ဆရာဆရာမတွေရဲ့အသံ၊ ကျောင်းသားမိဘတွေရဲ့ အသံတွေကို နားထောင်ကြည့်ပါတယ်။ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ ကမ္ဘာ့အခြေအနေ၊ မြန်မာ့ အခြေအနေတွေကို လက်လှမ်းမီသ၍ စေ့ငုမိပါတယ်။

ပညာရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ မှာ အခြေခံပညာ အထက်တန်းကျောင်းတွေ စဖွင့်မယ်။ နှစ်ပတ်ကြာပြီးနောက်မှာ အခြေအနေအပေါ်မူတည်ပြီး အလယ်တန်းနဲ့ မူလတန်းကို အဆင့်လိုက် ဖွင့်လှစ်သွားဖို့ ပြင်ဆင်ထားတယ်လို့ သိရပါတယ်။ ပထမတုန်းက မူလတန်းကနေ စဖွင့်မယ်လို့ ကြေညာခဲ့ပေမယ့် အထက်တန်း အဆင့်ကျောင်းသားတွေက မူလတန်းကလေးတွေထက် ပိုနည်းတဲ့အတွက် Social Distancing လုပ်ရင် ပိုပြီးသင့်တော်တာမို့လို့ ပြောင်းလိုက်တာလို့ ဆိုပါတယ်။ လိုက်နာရမယ့် စည်းကမ်းချက်တွေကို အသေးစိတ်ထုတ်ပြန်မှာဖြစ်ပြီး ဒီဆုံးဖြတ်ချက်ကို အစိုးရ ကျောင်းအပြင် ပုဂ္ဂလိကကျောင်းနဲ့ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းတွေပါ လိုက်နာရမယ်။ မလိုက်နာရင် ကူးစက်ရောဂါ ထိန်းချုပ်ရေး ဥပဒေအရ အရေးယူခံရမယ်လို့ သိရပါတယ်။

ပညာရေးဝန်ကြီးဌာနရဲ့ နောက်ဆုံးစာရင်းတွေအရ ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းပေါင်း ၄၈,၀၀၀ ကျော်၊ ပုဂ္ဂလိကကျောင်း ၂,၅၀၀ ဝန်းကျင်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁,၅၃၀ ကျောင်း၊အစိုးရကျောင်း ဆရာ၊ ဆရာမဦးရေ ၄၀၀,၀၀၀ ကျော်၊ ပုဂ္ဂလိကကျောင်းတွေမှာ ၁၄,၅၃၀ နဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေမှာ ၇,၇၃၇ ဦးရှိကြောင်း သိရတယ်။ ကျောင်းသား ကျောင်းသူဦးရေကတော့ ၁၀.၈ သန်းရှိပါတယ်။ ကျောင်းသားဦးရေရဲ့ ထက်ဝက်နီးပါးက မူလတန်းကျောင်းသားတွေဖြစ်ပြီး ၅.၂ သန်း ရှိပါတယ်။ အဆင့်မြင့်ပညာရေးမှာတော့ ကျောင်းသား ၁.၅ သန်း ရှိပါတယ်။

အခြေခံပညာကျောင်းတွေ ပြန်လည်ဖွင့်လှစ်ရာမှာ ကျောင်းသား၊ ကျောင်းသူတွေအတွက် အတတ်နိုင်ဆုံး သင်ယူမှုရရှိဖို့၊ ဆရာ၊ ဆရာမတွေအတွက် ဝန်ထုပ်ဝန်ပိုး နည်းနိုင်သမျှနည်းပြီး ဆောင်ရွက်နိုင်ဖို့ စီစဉ်လျက်ရှိပြီး ကျောင်းမှာရှိတဲ့ကျောင်းသူ ကျောင်းသား အရေအတွက်၊ ဆရာဆရာမ အရေအတွက်၊ စာသင်ခန်းအရေအတွက်၊ စာသင်ခုံ အရေအတွက်တို့အပေါ်မှာ မူတည်ပြီးတော့ ပုံမှန်တက်၊ တစ်ပတ်ခြား တက်၊ တစ်ပတ်ခြား နှစ်သုတ်တက်၊ တစ်ပတ်ခြား နှစ်သုတ်တက် သုံးရက်သင် စသည်ဖြင့် အုပ်စုလေးခုခွဲပြီး ပြန်လည်ဖွင့်လှစ်သွားမှာ ဖြစ်ကြောင်း အခြေခံ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ရဲ့ ပြောကြားချက်အရ သိရပါတယ်။ စာသင်ခန်းအတွင်းမှာ ကျောင်းသားတစ်ဦးနဲ့တစ်ဦး Social Distancing အကွာအဝေး အနည်းဆုံး ၆ ပေခွာထိုင်ဖို့ သတ်မှတ်ထားပြီး ကျောင်းသားတစ်ဦးလျှင် နှာခေါင်းစည်း ၂ ခုနဲ့ Safety Cover (ဖိုင်ဘာမျက်နှာဖုံးအကြည်) တစ်ခုစီ၊ ကျောင်းအသီးသီးကို အပူချိန်တိုင်း ဒီဂျစ်တယ် သာမိုမီတာ၊ လက်ဆေးဘေစင်၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်တွေ ထောက်ပံ့ပေးမယ်လို့ ဆိုပါတယ်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းတက်ချိန်လျှော့နည်းမှာဖြစ်လို့ သင်ရိုးညွှန်းတန်းတွေကို ပြန်လည်ညှိနှိုင်းပြီး လျှော့ချမယ်လို့ တာဝန်ရှိသူတွေရဲ့ ပြောကြားချက်အရ သိရပါတယ်၊ ဒါကတော့ ပညာရေးဝန်ကြီးဌာနရဲ့ အစီအမံတွေပါ။

ဒီနေရာမှာ တစ်ခုပြောချင်တာက အစိုးရအနေနဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ တနိုင်ငံလုံးကို လွှမ်းခြုံမိအောင် စီစဉ်ရမယ့်အပြင် သာတူညီမှုမှုနဲ့ တန်းတူညီမျှမှု ရှိဖို့ကလည်း တကယ်ပဲ အရေးကြီးပါတယ်။ စစ်ဘေးဒုက္ခသည်စခန်းတွေက ကလေးတွေ၊ အခြေအနေပေး အမျိုးမျိုးကြောင့် ကျောင်းမတက်နိုင်ကြတဲ့ ကလေးတွေ၊ နယ်တွေနဲ့ ဝေးလံခေါင်ဖျားဒေသအသီးသီးမှာ စာသင်ကျောင်းရယ်လို့ မည်ကာမတ္တမျှသာ ခေါ်နိုင်တဲ့နေရာတွေမှာ ပညာသင်ကြားနေရတဲ့ကလေးတွေရဲ့ ပညာသင်ကြားရေး အတွက်ရော ဘယ်လိုစီစဉ် ဆောင်ရွက်ပေးမယ် ဆိုတာကိုပါ တပါတည်း ထည့်သွင်း စဉ်းစားရပါမယ်။ ဒါမှသာ အားလုံးအကျုံးဝင်တဲ့ ပညာရေးစနစ် ဖြစ်လာမှာပါ။

တက္ကသိုလ်ဆရာ၊ဆရာမများ ကိုယ်စားပြုကော်မတီကတော့ ရောဂါကို ထိန်းချုပ်နိုင်တဲ့ အခြေအနေ မရောက်မချင်း ကျောင်းတွေပြန်မဖွင့်ဖို့ကို မေလ ၁၇ ရက်နေ့ကထုတ်ပြန်တဲ့ ကြေညာချက်မှာ ပြောထားပါတယ်။ ရောဂါကူးစက်ခံရမှာကို စိုးရိမ်တာကြောင့် ရောဂါထိန်းချုပ်နိုင်မှသာ ကျောင်းဖွင့်စေချင်တဲ့ ကျောင်းသားမိဘတွေနဲ့ ဆရာ၊ဆရာမတွေရဲ့အသံကို တာဝန်ရှိသူတွေအနေနဲ့ အလေးအနက် ရှိစေချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တခြားနိုင်ငံတွေနဲ့စာရင် ကူးစက်မှုနည်းနေသေးပေမယ့် ပကတိ

အခြေအနေတွေအရကတော့ ရောဂါကူးစက်နိုင်ခြေ မြင့်မားနေဆဲ ဖြစ်ပါတယ်။

"ယခုလောလောဆယ်ကာလတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို မလိုက်နာသူများ ရှိနေနိုင်ခြင်းနှင့် ရောဂါပိုးချိန်ကာလ (Incubation period) အတွင်း၌ ရှိနေပြီး ရောဂါလက္ခဏာ မပြသေးသူများ၊ ရောဂါမဖြစ်သေးသူများ ရှိနေနိုင်ခြင်းတို့ကြောင့် တစ်ချိန်တည်း တစ်ပြိုင်တည်းနီးပါး ရောဂါကူးစက်ပြန့်ပွားမှုများ အများအပြား ဖြစ်လာနိုင်ပါသည်။ ထိုကဲ့သို့ ရောဂါကူးစက်မှုများသည် နေရာအနှံ့အပြား၌ (Nidus of infection) တစ်ပြိုင်နက်ပေါ် ပေါက်လာပါက ရောဂါထိန်းချုပ်ရန် ခက်ခဲပြီး မနိုင်မနင်း ဖြစ်လာပါမည်" လို့ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနက ဇွန်လ ၇ ရက် နေ့ညမှာ သတိပေးချက်တရပ် ထုတ်ပြန်ထားပါတယ်။ ဒီထုတ်ပြန်ချက်ကို အသေအချာ သတိချပ်ရမှာပါ။

ကျောင်းတွေပြန်ဖွင့်တဲ့အခါမှာ စာသင်ချိန်လျှော့တာ၊ တဦးနဲ့တဦး ခပ်ခွာခွာထိုင်ပြီး စာသင်တာတို့ကို ကြပ်မတ်နိုင်ပေမယ့် ကလေးတွေကို မဆော့ကြနဲ့လို့ တားမြစ်ထားဖို့ကတော့ မလွယ်ကူပါဘူး။ ကလေးတွေ ဆော့ကစားရင်းကနေ ဗိုင်းရပ်စ်ကူးစက်နိုင်ခြေလည်း ရှိနေတာပါ။ ပညာရေးနှောင့်နှေးမှုတွေ ရပ်တန့်ဖို့အတွက် စာသင်ကျောင်းတွေကို မဖြစ်မနေ ပြန်ဖွင့်မယ်ဆိုရင် ကျောင်းပြန် တက်ကြရမှာပါ။ ကျောင်းတွေဖွင့်ပြီဆိုရင် မိဘတွေအနေနဲ့ ကိုယ့်သားသမီးကို သူများနည်းတူ စာသင်နှစ်နောက်မကျစေချင်လို့သာ ကျောင်းကို ပို့လိုက်ရတယ်။ ရင်တမမနဲ့ နေကြရမှာပါ။ ဒါကြောင့်မို့ ဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ် အနည်းဆုံး လျှော့ချနိုင်မယ့် သေချာတဲ့ အစီအမံတွေကို ဆောင်ရွက်ထားဖို့ အရေးကြီးပါတယ်။

ပြင်သစ်၊ တောင်ကိုရီးယား၊ တရုတ် စတဲ့နိုင်ငံတွေမှာ ကျောင်း တွေ ပြန်ဖွင့်ပြီးမှ ကျောင်းသားတွေဆီမှာ ကိုဗစ်ပိုးတွေ့လို့ ပြန်ပိတ်လိုက်ရတယ်။ အမေရိကန်နိုင်ငံက ကိုဗစ်ကြောင့် ဆုံးပါးခဲ့ရတဲ့ ကလေးတချို့မှာ လူကြီးတွေလို လက္ခဏာတွေ မပြဘူးဆိုတာလည်း ဖတ်ရတော့ တကယ် စိတ်ပူစရာ ကောင်းလှပါတယ်။ ကျောင်းသား–ဆရာ–မိဘ သုံးဦး၊ သုံးဖလှယ် ကိုယ်စိတ်လုံခြုံတဲ့ အခြေအနေမျိုး တကယ့်ကို လိုအပ်ပါတယ်။

တပြိုင်နက်တည်းမှာပဲ COVID–19 အကျပ်အတည်းကာလအတွင်း နေထိုင်နိုင်မယ့် ပုံမှန်ဘဝသစ် (New Normai Life) အကြောင်း ပြောဆိုဆွေးနွေးမှုတွေလည်း ကမ္ဘာတလွှားမှာ ရှိလာနေပါတယ်။ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကို ရင်ဆိုင်ရင်း၊ လုပ်စရာရှိတာ ဆက်လုပ်ရင်း ဖြတ်သန်းကြရမယ်ဆိုတဲ့ စဉ်းစားမှုမျိုး ဖြစ်မယ်လို့ ထင်ပါတယ်။ ထင်ရှားတဲ့ ဗိလစ်ပိုင် လွှတ်တော်အမတ်ဟောင်း စာရေးဆရာ ဒေါက်တာဝါလ်ဒင်ဘဲလိုး ကတော့ ကိုဗစ်– ၁၉ အခြေအနေဟာ အခွင့်အလမ်းကောင်း တရပ်ဖြစ်ပြီး လက်မလွှတ်စေနဲ့လို့ ဆိုပါတယ်။

**ရောဂါကူးစက်ခံရမှာကို စိုးရိမ်တာကြောင့်
ရောဂါထိန်းချုပ်နိုင်မှသာ ကျောင်းဖွင့်စေချင်တဲ့ ကျောင်းသား
မိဘတွေနဲ့ ဆရာ၊ ဆရာမတွေရဲ့အသံကို တာဝန်ရှိသူတွေအနေနဲ့
အလေးအနက် ရှိစေချင်ပါတယ်။**

COVID-19 ကပ်ရောဂါဟာ ကမ္ဘာတဝှမ်းလုံးက ကျန်းမာရေး၊ စီးပွားရေးနဲ့ ပညာရေးစနစ်တွေကို စိန်ခေါ်လာတဲ့ အခြေအနေမှာ စာသင်ကျောင်းတွေမှာ ပညာသင်ကြားပေးတဲ့စနစ်က ကျန်းမာရေးလုံခြုံမှု မရှိနိုင်တော့ပါဘူး။ ဒါကြောင့်မို့လည်း ဗိုင်းရပ်စ်အန္တရာယ် ရင်ဆိုင်နေရတဲ့ ကမ္ဘာ့နိုင်ငံတချို့မှာ စာသင်ကျောင်းတွေကို ဗိုင်းရပ်စ် ကူးစက်မှု မဖြစ်စေမယ့် အစီအမံတွေချပြီး ပညာသင်ကြားမှု ဆက်လက်ရှင်သန်စေဖို့ နည်းမျိုးစုံနဲ့ ကြံဆနေကြပါတယ်။ ကျမတို့ရဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံမှာတောင် လာမယ့်ပညာရေးနှစ်မှာ


Photo: Getty Image


Photo: Getty Image

ရုပ်မြင်သံကြားလိုင်းတွေနဲ့ အွန်လိုင်းကနေတဆင့် ပညာသင်ကြားနိုင်ဖို့ စတင်စမ်းသပ်ပြီး စစ်တမ်းတွေ ကောက်ယူခဲ့ပါတယ်။

၂၀၂၀၊ မတ်လ ဒုတိယအပတ်လောက်ကစပြီး စာသင်ကျောင်းတွေနဲ့ ကောလိပ်၊ တက္ကသိုလ်တွေ ပိတ်ပစ်လိုက်ပြီဆိုတဲ့ သတင်းတွေကို နိုင်ငံအတော်များများက ထုတ်ပြန်လာကြပါတယ်။ အခုဆိုရင်တော့ (ဧပြီလ ၂၁ ရက်၊ ၂၀၂၀ နေ့အထိ UNESCO စာရင်းအရ) နိုင်ငံ ၁၉၁ နိုင်ငံမှာ ကမ္ဘာ့ကျောင်းသားဦးရေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်တဲ့ ကျောင်းသားပေါင်း ၁.၆ ဘီလီယံဟာ ကျောင်းမတက်ရတော့ပါဘူး။ အစိုးရတွေရဲ့ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး ဆုံးဖြတ်ချက်တွေက ကျောင်းသူကျောင်းသား သန်းပေါင်းများစွာကို အိမ်မှာပဲနေထိုင်ပြီး ကျောင်းသင်ခန်းစာတွေ၊ ဘာသာရပ်တွေကို မိဘတွေကကြပ်မတ်ပေးပြီး လေ့လာသင်ကြားတဲ့ home-schooling အခြေအနေကို ဖြစ်ပေါ်စေတယ်။ တရုတ်၊တောင် ကိုရီးယား၊ အီတလီ၊ အီရန်၊ အမေရိကန်၊ ယူကေတို့လို ကိုဗစ်-၁၉ ဘေးဒဏ်ကို ဆိုးဆိုးဝါးဝါး ခံစားရတဲ့နိုင်ငံတွေမှာ home-schooling ကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြတာ တွေ့ရပါတယ်။ တချိန်တည်းမှာပဲ ပညာရေးနည်းနာအသစ်ပုံစံသစ်တွေ ထွက်ပေါ်လာပါတယ်။ သိပ်မဝေးလှတဲ့ အနာဂတ်ကာလမှာ ဖြစ်နိုင်ခြေရှိတဲ့ ပညာရေးလမ်းကြောင်း ၃ သွယ်ကိုကမ္ဘာ့စီးပွားရေးဖိုရမ်မှာ ပညာရှင်နှစ်ဦးက အောက်ပါအတိုင်း သုံးသပ်တင်ပြခဲ့ပါတယ်။

၁။ ပညာရေးကို ပြောင်းလဲဖို့ အမှန်တကယ် လိုအပ်နေပြီဆိုတဲ့ တိုက်တွန်းမှုတွေကြောင့် အံ့ဩစရာ ဆန်းသစ်မှုတွေ ရရှိလာလိမ့်မယ်။

စာသင်ခန်းမှာ လူကိုယ်တိုင် တက်ရောက်သင်ယူရတဲ့ သမားရိုးကျ အစဥ်အလာနည်းလမ်းကို အွန်လိုင်း၊ တီဗီအစီအစဉ်စတဲ့ သင်ယူလေ့လာမှု ပုံစံအသစ်တွေနဲ့ ပေါင်းစပ်ထားရှိပါတယ်။ နိစ္စဓူဝ လုပ်ငန်းဆောင်တာတွေကို လုပ်ကိုင်ရင်းပဲ သင်ယူ လေ့လာမှုပါ တပါတည်း ပါဝင်လာတဲ့ လေ့သစ်တမျိုးဖြစ်ပြီး တကယ့်စစ်မှန်တဲ့ ဘဝနေနည်းတရပ်လို့လည်း ဆိုပါတယ်။

၂။ ပုဂ္ဂလိက- အစိုးရ ပညာရေး ဖက်စပ်ဆောင်ရွက်မှုဟာ ပိုပြီးတော့ အရေးပါလာမယ်။

မတူကွဲပြားတဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုးတွေ စုစည်းလာကြပြီး အကျပ်အတည်းအတွက် လတ်တလောအဖြေရှာဖို့ရာ ဒစ်ဂျစ်တယ်ပညာရေး ပလက်ဖောင်းတွေကို အသုံးပြုပြီး စုဖွဲ့လုပ်ကိုင်လာနေကြပါတယ်။

၃။ ဒစ်ဂျစ်တယ် ခွဲခြားဆက်ဆံမှုဟာ ပိုမို ကျယ်ပြန့်လာနိုင်ပါတယ်။ လက်တွေ့မှာ ကမ္ဘာ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်းလောက်ပဲ အွန်လိုင်းကို အသုံးပြုနိုင်ကြပါသေးတယ်။ စီးပွားရေးဖွံ့ဖြိုးမှု နိမ့်ကျနေသေးတဲ့ နိုင်ငံတွေ၊ မချမ်းသာတဲ့ မိသားစုတွေ၊ ဒစ်ဂျစ်တယ်နည်းပညာကို မတတ်ကျွမ်းသူတွေအတွက်တော့ ကျောင်းသင်ခန်းစာတွေကို အွန်လိုင်းကနေ သင်ယူကြရပြီဆိုရင် ဒစ်ဂျစ်တယ်ကိရိယာများနဲ့ အင်တာနက်ဒေတာတွေ ဈေးကြီးလွန်းလှတာကြောင့် ချန်လှပ်ထားခြင်းကို ခံစားကြရမယ့် အခြေအနေမျိုးပါ။ ဒါကို လက်လှမ်းမီဖို့အတွက် အခြေအနေတွေကို ဖန်တီးမပေးနိုင်ဘူးဆိုရင်တော့ ပညာရေး အရည်အသွေး တန်းတူညီမျှစွာရရှိမှုဟာ ပိုပြီးကွာဟ ခြားနားလာမယ်၊ လူမှုစီးပွား တန်းတူညီမျှမှု ပြဿနာကိုလည်း ပိုပြီးဆိုးဝါးလာစေလိမ့်မယ်။ နောက်ဆုံးပေါ် နည်းပညာတွေကို အသုံးပြုပြီးတော့ ပညာရေးလက်လှမ်းမီမှုကို အတင်းအကျပ် တည်ဆောက်မယ်ဆိုရင်တော့ ဒစ်ဂျစ်တယ် ကွာဟချက်ဟာ အကြီးအကျယ် စိုးရိမ်စရာ ဖြစ်လာနိုင်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာ အရေးကြီးတဲ့ စွမ်းရည်သစ်တရပ်ကတော့ အခြေအနေသစ်မှာ ပြုပြင် ပြောင်းလဲ ရှင်သန်နေထိုင်နိုင်စွမ်းပဲ ဖြစ်တယ်လို့ ပညာရှင်တွေက ထောက်ပြ ပြောဆိုနေကြပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ အချက်အလက်တွေကို ကျမတို့နိုင်ငံရဲ့ အနာဂတ်ပညာရေးစနစ် ကောင်းမွန် တိုးတက်လာရေးမှာ မဖြစ်မနေ ထည့်သွင်းတွက်ချက်ပြင်ဆင်ကြဖို့ အရေးကြီးနေပြီဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကြယ်စင်မြစ်**
(၈၊၆၊ ၂၀၂၀)


ရည်ညွှန်း
၁။ ပညာရေးဝန်ကြီးဌာန **ဝက်ဆိုဒ်**
၂။ Irrawaddy ဝက်ဘ်ဆိုက်
၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အင်တာနက်စာမျက်နှာ
၄။ Covid-19 နှင့် ပညာသင်ကြားရေးစနစ် အပြောင်းအလဲ (သိန်းနိုင်- မောက္ခပညာရေး)

စာမျက်နှာ – ၁၃ မှ

ဖြစ်တာဟာလည်း အသက်အရွယ်နဲ့ မဆိုင်ပါ၊ အခြေအနေတစ်ရပ်နဲ့သာ တကယ်တမ်း ဆိုင်ပါတယ်။ ဒီလို ကြုံကြုံခံနိုင်စွမ်း ဆိုတာကလည်း အထက်က ဆိုခဲ့တဲ့ အတွေးအခေါ်၊ ရပ်တည်ချက်နဲ့ ယုံကြည်မှုများကသာ အခရာပါ။ ဘယ်နတန်းအောင်ပြီးခဲ့ပြီးခဲ့ နောက်တစ်တန်းမှာ စာမေးပွဲ ကျနိုင်ခြေ ရှိသေးတာကလည်း နိုင်ငံရေးဘဝရဲ့ တကယ့်ဖြစ်နိုင်ခြေ တစ်ခုပါပဲ။ အသက်နဲ့ အတွေ့အကြုံကြောင့်တော့ ထူးပြီး ခြားနားနိုင်ခြေ မရှိပါ။

တကယ်ရှိနေနိုင်တာက အတွေးအခေါ် ကွာဟမှုပါ။ အတွေးအခေါ် အခြေခံတူပါလျက် နိုင်ငံရေး မတူ၊ နိုင်ငံရေးတန်ဖိုးထားမှုမတူ ဆိုတာမျိုးဟာ မသက်ာစရာ ကောင်းလှပါတယ်။ စီမံခန့်ခွဲမှု ပြဿနာ တကယ်ရှိတတ်တယ်။ အလုပ်ရဲ့ အစိတ်အပိုင်းတိုင်း မတူခြားနားတဲ့အသုံးဝင်မှုတွေကို သေချာ မပေါင်းစပ်နိုင်ခဲ့ရင် အလုပ်ရလဒ်မှာရော၊ အစိတ်အပိုင်းအချင်းချင်း ဘက်မျှမှု မှာပါ ထိခိုက် တနည်း ပြဿနာရှိလာတဲ့ သဘောပါ။ တာဝန်ယူမှု၊ တာဝန်ခံမှု ပြဿနာလည်း ရှိတတ်ပါတယ်။

ဒီနေရာမှာ တာဝန် ဆိုတာရဲ့အကြောင်း အထက်က တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ကိုယ်တာဝန်ကျတဲ့ အလုပ်ရဲ့ အစိတ်အပိုင်းပါ။ ကိုယ့်တာကိုယ် လုံအောင် တာဝန်ယူမှု၊ တာဝန်ခံမှု မရှိခဲ့ရင် သူလည်း အလုပ် ရလဒ်ကိုရော၊ အစိတ်အပိုင်းအချင်းချင်း ဘက်မျှမှုကိုပါ ထိခိုက်/ ပြဿနာ ဖြစ်တတ်ပါတယ်။ ဒီအသွင်ကွဲအားလုံးရဲ့ အရင်းခံဇာစ်မြစ် စစ်စစ်ဟာ အတွေးအခေါ် ပြဿနာချည်းပဲ ဖြစ်ပါတယ်။

ယုံကြည်မှုတူ၊ တန်ဖိုးတူ၊ အလုပ်တူ စုစည်း ပေါင်းဖွဲ့လုပ်ကြတယ်ဆိုတဲ့ အခြေခံပေါ် မစွဲမြဲ၊ မသေချာရင် လူကြီး–လူငယ်လိုလို၊ မျိုးဆက်အဟောင်း–အသစ်လိုလို၊ အထက်ဆင့်–အောက်ဆင့်လိုလို ပြဿနာရဲ့ ရင်းမြစ်တွေကို လိုးလွှဲဖို့ အားထုတ်ကြတာပါပဲ။

(ဒီနေရာမှာ မော်ရဲ့စကား ငှားပြောရရင် ရဲဘော် ပါတီမှားပြီး ဝင်မိပြီထင်တယ် လို့ ဆိုရပါမယ်။)

ကျနော့်အလိုအရတော့ ပါတီဝင်ဘဝမှာ ရဲဘော်ကြီးတွေ၊ လူကြီးရဲဘော်တွေ မရှိ၊ ရဲဘော်အကြီးတွေသာရှိတယ်။ (လူကောင်ထွားတာ သို့မဟုတ် အသက်ကြီးတာ) ရဲဘော်ငယ်တွေ၊ လူငယ်ရဲဘော်တွေလို့ မမြင် ရဲဘော်အငယ်တွေသာ ရှိတယ်။ (လူကောင်ညှက် သို့မဟုတ် အသက်ငယ်တာပေါ့) ပါတီဘဝမှာ ရဲဘော်ဟာ ရဲဘော်ပါပဲ။ အတွေးအခေါ်၊ ရပ်တည်ချက်တူကြ လို့သာ ယုံကြည်မှုတူ၊ တန်ဖိုးတူ၊ အလုပ်တူ စုစည်းပေါင်းဖွဲ့ အားထုတ်နေကြခြင်းပဲ ဖြစ်ပါတယ်။

**ကိုဘာ**

**၂၀၂၀ ခုနှစ်၊ မေလ (၁၆) ရက်။**

---

## ဝမ်းနည်းမှတ်တမ်း

## ရဲဘော် မိုးမင်းဦး (၄၃) နှစ်

**ဥက္ကဋ္ဌ – လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ရွှေတောင်မြို့နယ်ပါတီကော်မတီ**



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ ရွှေတောင်မြို့နယ်ပါတီကော်မတီဥက္ကဋ္ဌ ရဲဘော်မိုးမင်းဦး (ခ) ရဲဘော်မိုးဦးသည် ၁၂၊၄၊၂၀၂၀ ည (၁၀း၃၀) နာရီတွင် ရုတ်တရက် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူ မိသားစုဝင်များ၊ ရဲဘော်ရဲဘက်များ၊ လုပ်ဖော်ကိုင်ဘက်များ၊ မိတ်ဆွေများနှင့်အတူ ဝမ်းနည်း စာနာမိပါကြောင်းနှင့် ရဲဘော် မိုးမင်းဦး၏ မိမိတို့ပါတီအတွက် သစ္စာမြဲမြဲစွာ တာဝန်ထမ်းဆောင်ခဲ့မှုများအပေါ် မိမိတို့ပါတီက ထာဝရ ဂုဏ်ယူ မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

**DEMOCRATIC PARTY FOR A NEW SOCIETY (DPNS)**

အမှတ် (၁၂၄)၊ စတုတ္ထထပ်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

## စစ်ရှိန်မြှင့်တိုက်ခိုက်နေမှုများနှင့် ပတ်သက်၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီစည်းအဝေး (၁/၂၀၂၀)၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ ၂၀၂၀ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က COVID-19 ကူးစက်မြန် ကပ်ရောဂါဆိုးက ကမ္ဘာကို ခြိမ်းခြောက်နေသောကာလအတွင်း ကမ္ဘာတစ်ဝှမ်းလုံး၌ ပစ်ခတ်တိုက်ခိုက်မှုများ၊ စစ်ပွဲများ ရပ်စဲထားကြရန် ပန်ကြားကြောင်း ကြားသိရသည်။

၂။ မိမိတို့ တိုင်းပြည်တွင်မူ အဆိုပါ ၂၃ ရက်နေ့ ရက်စွဲဖြင့် အစိုးရ (ပြည်ထဲရေးဝန်ကြီးဌာနနှင့် အကြမ်းဖက်တိုက်ဖျက်ရေး ဗဟိုဌာန)၏ ကြေညာချက်တစ်ရပ် ထွက်လာခဲ့သည်။

ထိုကြေညာချက်သည် ရခိုင်ဒေသမြောက်ပိုင်းနှင့် ချင်းပြည်နယ်ဒေသအချို့တွင် ကျေးရွာများအပေါ် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းမှ ဗုံးကျဲတိုက်ခိုက်ခြင်းများကြောင့် ကလေးသူငယ်များအပါအဝင် အရပ်သူ အရပ်သားများ ထိခိုက်၊ သေကြေ၊ ထွက်ပြေးနေကြရသည့် သတင်းများ ထွက်ပေါ်နေသည့်ကာလတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ကြေညာချက်၏ နိုင်ငံရေးလားရာသည်လည်း ရက္ခိုင့်တပ်တော် AA ကို အကြမ်းဖက်သမားများအဖြစ် အပြတ်ချေမှုန်းရန်နှင့် စစ်ရှိန်တိုးမြှင့်ရန် ဦးတည်နေသည်ဟု ယူဆရပါသည်။

၃။ ကြားရ၊ ဖတ်ရသော သတင်းနှစ်ရပ်ကို နှိုင်းယှဉ်ပါက လူသားလောကအပေါ် ထားရှိသည့် စေတနာနှင့် ချဉ်းကပ်သုံးသပ်သည့် အမြင်များ ကွဲလွဲ ဆန့်ကျင်နေသည်ဟု ဆိုရပါလိမ့်မည်။

COVID-19 သည် ကမ္ဘာ့လူသားတိုင်းကို ခြိမ်းခြောက်၊ ထိုးနက်လျက်ရှိသော အရေးအကြီးဆုံး၊ အရေးပေါ်ဖြေရှင်းကိုင်တွယ်နေကြရသည့် သက်ရှိလူသားလောကဆိုင်ရာ ပြဿနာကြီး ဖြစ်သည်။ ထိုကာလမျိုးတွင် ပစ်ခတ်တိုက်ခိုက်သတ် ဖြတ်နေမှုများ ရပ်စဲကြရန် ပန်ကြားချက်သည် လက်တွေ့လိုအပ်ချက်နှင့် ကိုက်ညီသည့် တောင်းဆိုမှုဖြစ်သည်ဟု မိမိတို့ပါတီ က ယူဆပါသည်။

မိမိတို့ပါတီ၏ နိုင်ငံရေးအမြင်သုံးသပ်ချက် ၁ / ၂၀၂၀ တွင်လည်း ကပ်ရောဂါ ခုခံကာကွယ်မှုကာလအတွင်း ပြည်တွင်း ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရန်နှင့် အမျိုးသားလုံခြုံရေးတာဝန်ကို မှန်ကန်စွာ ထမ်းဆောင်ရန် ထောက်ပြ တိုက်တွန်းထားပါသည်။

၄။ သို့ပါ၍ ယခုကဲ့သို့ COVID-19 ခုခံကာကွယ်ရေးကာလအတွင်း ဦးစားပေးအဆင့် (၁) ဖြစ်သင့်သော အမျိုးသားလုံခြုံရေးတာဝန်နှင့် လူသားလောက ကာကွယ်ရေးဆိုင်ရာတာဝန်များ မှန်မှန်ကန်ကန်၊ ကျေကျေပွန်ပွန် ထမ်းရွက်ရေးအတွက် အစိုးရ၊ တပ်မတော်နှင့် တာဝန်ရှိသူများအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ခြွင်းချက်မရှိ၊ ချက်ချင်းရပ်စဲ၍ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်နိုင်ရေးကို တည့်တည့်မတ်မတ် ဆောင်ရွက်ရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၂၀ ခုနှစ်၊ မတ်လ၊ ၂၆ ရက်

# DPNS ရဲဘော်များနှင့် မိတ်ဆွေများ၏ စုပေါင်းအလှူဒါနများ (၁)

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ရဲဘော်များနှင့် မိတ်ဆွေများသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေး အတွက် လိုအပ်နေသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ PPE ဝတ်စုံများ၊ နှာခေါင်းစည်းများ၊ လက်အိတ်များနှင့် face shield များကို နေရာအနှံ့မှ ရဲဘော်များ၊မိတ်ဆွေများမှတဆင့် နိုင်သမျှ လှူဒါန်းလျက်ရှိပါသည်။
၂၀၂၀၊ ဧပြီ၊ ၁၁ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ လည်းကောင်း၊
၂၀၂၀၊ ဧပြီလ၊ ၁၃ ရက်နေ့တွင် မြောက်ဥက္ကလာပ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ လည်းကောင်း၊
၂၀၂၀၊ ဧပြီ၊ ၁၄ ရက်နေ့တွင် COVID-19 ကာကွယ်ရေး စေတနာ့ဝန်ထမ်း ဖျားနာကုသဆေးခန်း(တာမွေ)သို့ လည်းကောင်း၊
၂၀၂၀၊ ဧပြီ၊ ၁၅ ရက်နေ့တွင် COVID-19 ကာကွယ်ရေး စေတနာ့ဝန်ထမ်း မြန်မာနိုင်ငံဆရာဝန်များအသင်း (ပဲခူး)သို့ လည်းကောင်း၊
၂၀၂၀၊ ဧပြီ၊ ၁၆ ရက်နေ့တွင် COVID-19 ကာကွယ်ရေး စေတနာ့ဝန်ထမ်း ဖျားနာကုသဆေးခန်း (ဗိုလ်တထောင်) သို့ လည်းကောင်း၊
၂၀၂၀၊ ဧပြီ၊ ၂၀ ရက်နေ့တွင် လှိုင်သာယာပြည်သူ့ဆေးရုံကြီးသို့ လည်းကောင်း၊
၂၀၂၀၊ ဧပြီ၊ ၂၀ ရက်နေ့တွင် Rvwang New Generations နှင့် ပူတာအိုခရိုင်လူငယ်ရေးရာကော်မတီသို့ လည်းကောင်း၊
၂၀၂၀၊ ဧပြီလ ၂၃ ရက်နေ့တွင် စမ်းချောင်းမြို့နယ် COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးကော်မတီသို့ လည်းကောင်း၊ လှူဒါန်းခဲ့ကြပါသည်။








## DPNS ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်း အဝေး(၃/၂၀၂၀)ကို ၂၀၂၀၊ ဇွန်လ၊ ၁၇ နှင့် ၁၈ ရက်နေ့တို့တွင် ရန်ကုန်မြို့ရှိ ပါတီဌာနချုပ်ရုံး၌ နှစ်ရက်တာ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ အစည်းအဝေးတက်ရောက်၍ ၂၀၂၀ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးပြင်ဆင်ခြင်း၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းလျာထားခြင်း၊ အလုပ်တာဝန်များခွဲဝေခြင်း၊ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်း အခြေအနေများအား ရှင်းလင်းတင်ပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

# DPNS ရဲဘော်များနှင့် မိတ်ဆွေများ၏ စုပေါင်းအလှူဒါနများ (၂)

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ရဲဘော်များနှင့် မိတ်ဆွေများသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် လိုအပ်နေသည့် ဆေးဘက်ဆိုင်ရာပစ္စည်းများ၊ PPE ဝတ်စုံများ၊ နှာခေါင်းစည်းများ၊ လက်အိတ်များနှင့် face shield များ ကို နေရာအနှံ့မှ ရဲဘော်များ၊မိတ်ဆွေများမှတဆင့် နိုင်သမျှ လှူဒါန်းလျက်ရှိပါသည်။

၂၀၂၀၊ ဧပြီလ၊ ၂၈ ရက်နေ့တွင် မြောင်းမြလူငယ်ကွန်ရက်သို့ လည်းကောင်း၊

၂၀၂၀၊ ဧပြီလ၊ ၂၉ ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်(ALD)မှတဆင့် ရခိုင်ပြည်သူလူထုသို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၃ ရက်နေ့တွင် လူ့ဘောင်သစ်လူငယ်မှတဆင့် မင်္ဂလာတောင်ညွန့် ပြုပြင်စရာများအဖွဲ့သို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၄ ရက်နေ့တွင် လပွတ္တာမြို့နယ် နှလုံးသားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၅ ရက်နေ့တွင် လူ့ဘောင်သစ်လူငယ်မှတဆင့် Kachin state Covid 19 Prevention Network သို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၆ ရက်နေ့တွင် လူ့ဘောင်သစ်လူငယ်မှတဆင့် အထွေထွေရောဂါကုဆေးရုံကြီး(မြစ်ကြီးနား)သို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၈ ရက်နေ့တွင် လူ့ဘောင်သစ်လူငယ်မှတဆင့် စေတနာ့ဝန်ထမ်းဆောင်ရွက်နေကြသည့် တောင်ကြီးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များသို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၁၀ ရက်နေ့တွင် ပေါင်းတည်မြို့နယ် ကျောင်းသားသမဂ္ဂမှတဆင့် ပေါင်းတည်ဆေးရုံကြီးသို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၂၅ ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှတဆင့် ရခိုင်ပြည်သူလူထုသို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၂၉ ရက်နေ့တွင် Volunteer Team Pathein သို့ လည်းကောင်း၊

၂၀၂၀၊ မေလ၊ ၃၀ ရက်နေ့တွင် သာကေတမြို့နယ် COVID-19 ကွာရင်တင်းစင်တာသို့ လည်းကောင်း၊

၂၀၂၀၊ ဇွန်လ၊ ၄ ရက်နေ့တွင် လပွတ္တာမြို့နယ် နှလုံးသားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ လည်းကောင်း၊

ပါတီနှင့် ပါတီ၏ မိတ်ဆွေများစုပေါင်းပြီး တတ်နိုင်သမျှ သဲတစ်ပွင့်အလှူဒါနများအဖြစ် ပါဝင်လှူဒါန်းပေးခဲ့ကြပါသည်။




